# ရှမ်းပြည်နယ်တရားလွှတ်တော်

## ၂၀၂၄ ခုနှစ်

## တရားရုံးနှစ်စဉ်အစီရင်ခံစာ



# သင်သိပါသလား?



ရှမ်းပြည်နယ်အတွင်း
တရားရုံးစုစုပေါင်း - ၇၃ ရုံး



ရှမ်းပြည်နယ်အတွင်း
တရားရေးအရာရှိစုစုပေါင်း - ၉၃ ဦး



ပြည်နယ်တစ်ခုလုံးအတွင်း
အမှုပြီးပြတ်မှုနှုန်း - ၁၀၂.၆၉ %



စေ့စပ်ဖြေရှင်းရေးအောင်မြင်မှု - ၂၂ မှု
အောင်မြင်မှုရာခိုင်နှုန်း - ၃၁.၈၈%

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု
အစီအစဉ် တရားရုံး - ၇၀ ရုံး

NCMP



# မာတိကာ


ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ ဥယျောဇဉ် က

ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများနှင့် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက် ဂ


## အပိုင်း (၁)

## တရားရုံးစီမံခန့်ခွဲမှု


**၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အချုပ်အခြာအာဏာ(၃)ရပ်** ၁

**၁.၂ တရားစီရင်ရေးဆိုင်ရာမူများ** ၁

**၁.၃ တရားရုံးများဖွဲ့စည်းပုံ** ၂

**၁.၃.၁ ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ တရားရုံးများ ဖွဲ့စည်းပုံ** ၃

**၁.၄ ရှမ်းပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ** ၅

**၁.၄.၁ ရှမ်းပြည်နယ်တရားလွှတ်တော်** ၅

၁.၄.၁.၁ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ၆

၁.၄.၁.၂ ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာ ၇

၁.၄.၂ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများနှင့် ခရိုင်တရားရုံးများ** ၇

၁.၄.၂.၁ ခရိုင်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့် အာဏာများ ၈

၁.၄.၂.၂ ခရိုင်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့် အာဏာများ ၈

**၁.၄.၃ မြို့နယ်တရားရုံးများ** ၉

၁.၄.၃.၁ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့် အာဏာများ ၉

၁.၄.၃.၂ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့် အာဏာများ ၁၀

၁.၄.၄ ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများ ၁၀
၁.၄.၄.၁ ကလေးသူငယ်တရားရုံးများ ၁၁
၁.၄.၄.၂ မူပိုင်ခွင့်တရားရုံးများ ၁၁
၁.၅ တရားရုံးစီမံခန့်ခွဲမှု ၁၁
၁.၅.၁ ရှမ်းပြည်နယ်တရားလွှတ်တော် ဖွဲ့စည်းပုံ ၁၁
၁.၆ ရှမ်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများ ၁၂
၁.၆.၁ ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ပြည်နယ်တရားရေးဦးစီးမှူးများ ၁၂
၁.၆.၂ ရှမ်းပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေး အရာရှိများ ၁၃
၁.၆.၃ ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ ၁၄
၁.၆.၄ မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ ၁၆
၁.၇ ရသုံးမှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၂၃

## အပိုင်း (၂)

## ၂၀၂၄ ခုနှစ်အတွင်း ရှမ်းပြည်နယ်တရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်မှုများ

၂.၁ ပြည်နယ်/မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း ၂၅
၂.၂ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း ၂၅
၂.၃ တရားရုံးက ဦးဆောင်သောစေ့စပ်ဖြေရှင်းရေးစနစ်ဆောင်ရွက်ခြင်း ၂၅
၂.၃.၁ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၂၅
၂.၃.၂ အထူးကိစ္စတစ်ရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ပေးပို့ ဆောင်ရွက်ခြင်း ၂၆
၂.၃.၃ လေ့ကျင့်သင်တန်းရေးရာကိစ္စရပ်များ ၂၇
၂.၃.၄ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီး အမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ ဆောင်ရွက်ချက်များ ၂၇
၂.၃.၅ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ၂၇
၂.၄ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း ၂၇
၂.၅ လူ့စွမ်းအားအရင်းအမြစ်များ ၂၇

| | | |
|---|---|---|
| ၂.၅.၁ | **လေ့ကျင့်သင်ကြားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ** | ၂၈ |
| | ၂.၅.၁.၁ တရားရေးအရာရှိများအား လေ့ကျင့်သင်ကြားပေးခြင်း | ၂၈ |
| | ၂.၅.၁.၂ အခြားအဆင့်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း | ၂၈ |
| ၂.၅.၂ | **တရားရုံးဝန်ထမ်းများအား လေ့ကျင့်ရေးစီမံချက်အရ ဆောင်ရွက်ပြီးစီးမှု အခြေအနေ** | ၂၈ |
| ၂.၅.၃ | **အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း** | ၂၉ |
| | ၂.၅.၃.၁ မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်ပို့ချခြင်း | ၂၉ |
| | ၂.၅.၃.၂ အခြားဌာနမှ ဖွင့်လှစ်သည့် သင်တန်းတက်ရောက်မှု အခြေအနေ | ၃၀ |
| ၂.၅.၄ | **ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများ ဆက်လက် သင်ကြားခြင်း** | ၃၀ |
| ၂.၆ | **တရားရုံးများ အဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ခြင်း** | ၃၁ |
| ၂.၇ | **လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း** | ၃၂ |
| ၂.၈ | **တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း** | ၃၃ |
| ၂.၈.၁ | **ဝန်ထမ်းရေးရာကိစ္စရပ်များ** | ၃၃ |
| ၂.၈.၂ | **ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲ အရေးယူခြင်း** | ၃၃ |
| ၂.၈.၃ | **ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာ အခွင့် အရေးများ ရရှိရေး ဆောင်ရွက်ခြင်း** | ၃၄ |
| ၂.၈.၄ | **ရုံးခွန်နှင့် ဒဏ်ငွေကောက်ခံခြင်း** | ၃၅ |
| | ၂.၈.၄.၁ ရုံးခွန် | ၃၅ |
| | ၂.၈.၄.၂ ဒဏ်ငွေ | ၃၅ |
| ၂.၉ | **တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း** | ၃၆ |

## အပိုင်း (၃)

## တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

| | | |
|---|---|---|
| ၃.၁ | **မှုခင်းများစစ်ဆေးစီရင်ခြင်း** | ၃၉ |
| ၃.၁.၁ | **ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တရားရုံးများ** | ၃၉ |
| ၃.၂ | **ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း** | ၄၀ |
| ၃.၂.၁ | **ရှမ်းပြည်နယ်တရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း** | ၄၀ |

| | | | |
|---|---|---|---|
| | ၃.၂.၂ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း | ၄၀ |
| | ၃.၂.၃ | မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း | ၄၁ |
| ၃.၃ | ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း | | ၄၁ |
| | ၃.၃.၁ | ရှမ်းပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီးအမှုများ သက်တမ်း | ၄၂ |
| | ၃.၃.၂ | ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ သက်တမ်း | ၄၃ |
| | ၃.၃.၃ | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ သက်တမ်း | ၄၄ |
| ၃.၄ | မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်း | | ၄၅ |
| | ၃.၄.၁ | ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ သက်တမ်း | ၄၅ |
| | ၃.၄.၂ | မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ သက်တမ်း | ၄၆ |
| ၃.၅ | အမှုရုံးချိန်းသေချာစေမှု | | ၄၇ |
| ၃.၆ | ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားမှုနှုန်းများပြားသည့် မှုခင်းအခြေအနေ | | ၄၈ |
| ၃.၇ | ရှမ်းပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ | | ၄၈ |
| ၃.၈ | အမှုခေါ်စာရင်းများ Website တွင် ကြေညာခြင်း | | ၄၉ |
| ၃.၉ | EDMS သုံးစွဲမှုအခြေအနေ | | ၄၉ |
| ၃.၁၀ | တရားရုံးများ စစ်ဆေးခြင်း | | ၄၉ |
| ၃.၁၁ | တရားရုံးဖွင့်လှစ်နိုင်ခြင်း မရှိသေးသော မြို့နယ်များ | | ၅၀ |
| ၃.၁၂ | ရှမ်းပြည်နယ်အတွင်း စစ်အုပ်ချုပ်ရေး ( Martial Law ) ထုတ်ပြန်ထားမှု အခြေအနေ | | ၅၀ |

# နောက်ဆက်တွဲများ


| | |
|---|---|
| ရှမ်းပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံး များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ တည်နေရာနှင့် လိပ်စာ များ | နောက်ဆက်တွဲ (က) |
| ၂၀၂၄ ခုနှစ်အတွင်း သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးသည့်အမှုများ အခြေပြဇယား | နောက်ဆက်တွဲ (ခ) |
| ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့် အလိုက် ဝန်ထမ်းအင်အားစာရင်း | နောက်ဆက်တွဲ (ဂ) |
| တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အတွင်းမှ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ် အရေးယူမှုအခြေအနေ | နောက်ဆက်တွဲ (ဃ) |
| မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ ၁-၁-၂၀၂၄ ရက်နေ့မှ ၃၁.၁၂.၂၀၂၄ ရက်နေ့ အထိ စစ်တမ်းကောက်ယူရရှိမှုစာရင်းများ | နောက်ဆက်တွဲ (င) |
| ရှမ်းပြည်နယ် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ဝင်၏ (၁.၁.၂၀၂၄ မှ ၃၁.၁၂.၂၀၂၄ ထိ) မှုခင်းအခြေပြဇယား | နောက်ဆက်တွဲ (စ) |
| ၁.၁.၂၀၂၄ မှ ၃၁.၁၂.၂၀၂၄ ထိ တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အား စာရင်း | နောက်ဆက်တွဲ (ဆ) |

# ရှမ်းပြည်နယ်တရားလွှတ်တော်
# တရားသူကြီးချုပ်၏ ဉယျောဇဉ်

# ရှမ်းပြည်နယ်တရားလွှတ်တော်
# တရားသူကြီးချုပ်၏ ဥယျောဇဉ်



**“တရားမျှတမှုရရှိစေရေးအားလုံးပါဝင်ဆောင်ရွက်ပေး”** ဆိုသည့် ဆောင်ပုဒ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ တရားစီရင်ရေး၊ ငါးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာ စီမံကိန်း ၏ ဒုတိယမြောက်နှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် အတွက် ရှမ်းပြည်နယ် တရားလွှတ်တော်၏ တရားရုံးနှစ်စဉ်အစီရင်ခံစာကို အများပြည်သူ သို့အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါသည်။ နှစ်အလိုက် တင်ပြ သည့်အတိုင်း တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တရားစီရင်ရေးမဏ္ဍိုင်တွင် အဓိက အခရာ ကျလှသည့် တရားရုံး အဆင့်ဆင့်၏ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သည်များကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ဖြစ်ပါသည်။

**“အမှန်အတိုင်းဆုံးဖြတ်ရုံသာမက ယင်းသို့ဆုံးဖြတ်ကြောင်း အများမြင်စေရာ သည်”**ဆိုသည့် တရားရုံးများတွင် ရှေးကပင် လေးစားလိုက်နာခဲ့သည့် ဆိုရိုးစကား ရှိသည်။ ယနေ့ခေတ်တွင် တရားရုံး၏ ဆုံးဖြတ်ချက်သာမက တရားရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူက သိရှိနားလည်ခွင့် ရှိလာပြီဖြစ်သည်။ ဤသည်မှာလည်း တရားစီရင်ရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဖော်ပြနေခြင်းပင်ဖြစ်သည်။ တရားရုံးများ၏ယန္တရား၊ လုပ်ဆောင်ချက်များ၊ ခရီးရောက်မှုများ၊ လိုအပ်ချက်များကို သိရှိနားလည်မှသာ တရားစီရင်ရေးအပေါ် အမြင်ရှင်းလာ ပေလိမ့်မည်။ ထိုမှတဆင့် ယုံကြည်ကိုးစားလာပေလိမ့်မည်။

ရှမ်းပြည်နယ်တရားလွှတ်တော်တွင် တရားသူကြီးချုပ်အပါအဝင် တရားသူကြီး (၄) ဦးက တရားမမှုနှင့် ရာဇဝတ်မှုများ၏ မူလမှုများနှင့် လက်အောက်ခံတရားရုံးများက ချမှတ်ခဲ့သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်များအပေါ် တက်ရောက်လာသည့် အယူခံမှု၊ ပြင်ဆင်မှုများကို မှန်မှန်နှင့် မြန်မြန် ပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်တွင် အမှုလက်ကျန်များနှင့် ကြန့်ကြာနေသည့် မှုခင်းများ လျှော့ချရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်စိတ်ချမှု မြင့်တင်ရန် ရည်မှန်းချက်ဖြင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးချိန်ကစတင်၍ သီးသန့်တရားရုံး များတွင် စစ်ဆေးလျက်ရှိသော ရာဇဝတ်မှုခင်းများ အပါအဝင် လက်ကျန်ရာဇဝတ်မှုနှင့် တရားမမှု များသိသာစွာ ကျဆင်းခဲ့သည်မှာ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအသီးသီး၏ အောင်မြင်မှု မှတ်တိုင်ပင်ဖြစ်သည်။

၁-၈-၂၀၂၂ ရက်နေ့မှစတင်၍ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ရှမ်းပြည်နယ်တရားလွှတ်တော်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာနအနေဖြင့် တရားရုံးအဆင့်ဆင့်က လွှဲပြောင်းပေးပို့လာသည့် တရားမမူလမှုများအပေါ် အမှုသည်များအကြား စေ့စပ်ဖြေရှင်းရေးလုပ်ငန်းများ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း တရားမမှု ပေါင်း ၁၆၃ မှု လွှဲပြောင်းပေးခဲ့ပြီး ၆၉ မှုကို စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့သဖြင့် အောင်မြင်မှု ရာခိုင်နှုန်း ၃၁.၈၈%အထိ တိုးတက်ခဲ့ပါသည်။ သို့ဖြစ်ရာ သတ်မှတ်ထားသော တရားမမှု အမျိုးအစားများကို အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးနိုင်ခဲ့သည်မှာလည်း အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်ပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်မှ ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် တရားရုံး အဆင့်ဆင့်ရှိ တရားရေးအရာရှိများ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်နိုင်စေရန် လေ့ကျင့်ရေး အစီအစဉ်များကိုလည်း နှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားလွှတ်တော်၏ တရားစီရင်ရေးလုပ်ငန်း နှင့်စပ်လျဉ်းသည့် ကြေညာချက်များ၊ ကြိုတင်အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်မည့် အမှုစာရင်းများကို ရှမ်းပြည်နယ်တရားလွှတ်တော်၏ website တွင် ပုံမှန်လွှင့်တင်ပြီး အများပြည်သူ သိရှိစေရန် ထုတ်လွှင့်ဖော်ပြလျက်ရှိပါသည်။

တရားစီရင်ရေးကောင်းမွန်စေရန်၊ တည့်မတ်ခိုင်မာစေရန် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း ဖြင့် ဆောင်ရွက်၍မရဘဲ အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှသာ ပန်းတိုင်သို့ ရောက်ရှိမည်ဟု အလေးအနက်ခံယူထားပါသည်။ ယခု တရားရုံးနှစ်စဉ်အစီရင်ခံစာ ဖတ်ရှုခြင်းအားဖြင့် တရားမျှတမှု ရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးကို ဦးတည်လျှောက်လှမ်းနေသည့် မြန်မာနိုင်ငံ တရားစီရင်ရေးမဏ္ဍိုင်၏ ကြိုးပမ်းအားထုတ်မှုများကို တစ်စုံတစ်ရာသော အတိုင်းအတာအထိ နားလည်သဘောပေါက် လက်ခံလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း တရားရုံးများရှိ တရားသူကြီးများနှင့် အရာထမ်း၊ အမှုထမ်း အသီးသီးတို့က မိမိတို့၏ အားနည်းချက်၊ အားသာချက်များ အပေါ်ဆင်ခြင်လျက် အများပြည်သူတို့ တရားမျှတမှုရရှိစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ရပါသည်။

ဦးသန်းဦးလွင်
ပြည်နယ်တရားသူကြီးချုပ်
ရှမ်းပြည်နယ်တရားလွှတ်တော်

၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ၁၈ ရက်
တောင်ကြီးမြို့

## မြန်မာ့တရားစီရင်ရေး၏ ရည်မှန်းချက် ၊ လုပ်ငန်းတာဝန်များ နှင့်တန်ဖိုးများ

### ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ်တွင် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်

### လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

### တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

### တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

# အပိုင်း (၁)

# တရားရုံးစီမံခန့်ခွဲမှု

# အပိုင်း (၁)

## တရားရုံးစီမံခန့်ခွဲမှု

### ၁.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ(၃)ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်။ ယင်းဥပဒေပုဒ်မ ၁၁(က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဟူ၍ ပိုင်းခြားကျင့်သုံးသည်။




### ၁.၂ တရားစီရင်ရေးဆိုင်ရာမူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၁၉ တွင် တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအဖြစ် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည် -

- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့် နှင့် အယူခံပိုင်ခွင့် ရရှိရေး။

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင်လည်း တရားစီရင်ရေးဆိုင်ရာမူများကို အခန်း(၂)၊ ပုဒ်မ ၃ ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့် နှင့် အယူခံပိုင်ခွင့် ရရှိရေး၊

- ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်း သာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊
- ဥပဒေကို ပြည်သူများက လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများ က ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးရေး၊
- ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊
- ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည် ရေး။

## ၁.၃ တရားရုံးများဖွဲ့စည်းပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈အရနိုင်ငံတော်၏တရားစီရင်ရေးအာဏာကိုပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော် များနှင့် အဆင့်ဆင့်သောတရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့ မပြဌာန်းမီက ရှမ်းပြည်နယ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း ) တရားရုံး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံး၊ လားရှိုးမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တရားရုံး၊ ကျိုင်းတုံမြို့ဟူ၍ ဖွဲ့စည်းထားရှိခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်အညီ ရှမ်းပြည်နယ်တရားလွှတ်တော်အဖြစ် ဖွဲ့စည်းလာသည့်အချိန်တွင် ယခင် တည်ရှိခဲ့သော မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ ပြည်နယ်တရားရုံးများ မရှိတော့ဘဲ ၃၁.၃.၂၀၁၁ ရက်နေ့မှစ၍ ရှမ်းပြည်နယ်တရားလွှတ်တော်ရုံးကို တောင်ကြီးမြို့၌ ရုံးစိုက်ပြီး ရှမ်းပြည်နယ်တစ်ခုလုံး ၏ တရားစီရင်ရေး၊ တရားရုံး စီမံခန့်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**တရားစီရင်ရေးအာဏာခွဲဝေကျင့်သုံးပုံ အခြေပြဇယား**



## ၁.၃.၁ ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ တရားရုံးများ ဖွဲ့စည်းပုံ

**ရှမ်းပြည်နယ်တရားလွှတ်တော်**

- ပြည်နယ်တရားသူကြီးချုပ်ရုံး
- ပြည်နယ်တရားရေးဦးစီးမှူးရုံး

**“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း**

၁။ ဟိုပန်မြို့နယ်

၂။ မက်မန်းမြို့နယ်

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

၁။ ဟိုပုံးမြို့နယ်

၂။ ဆီဆိုင်မြို့နယ်

၃။ ပင်လောင်းမြို့နယ်

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

၁။ ပင်းတယမြို့နယ်

၂။ ရွာငံမြို့နယ်

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

၁။ လောက်ကိုင်မြို့နယ်

၂။ ကုန်းကြမ်းမြို့နယ်

**တောင်ကြီးခရိုင်**

၁။ တောင်ကြီးမြို့နယ်

၂။ ရပ်စောက်မြို့နယ်

**လွိုင်လင်ခရိုင်**

၁။ လွိုင်လင်မြို့နယ်

၂။ လဲချားမြို့နယ်

၃။ မိုင်းကိုင်မြို့နယ်

**လင်းခေးခရိုင်**

၁။ လင်းခေးမြို့နယ်

၂။ မောက်မယ်မြို့နယ်

၃။ မိုင်းပန်မြို့နယ်

### ကလောခရိုင်

၁။ ကလောမြို့နယ်

၂။ ညောင်ရွှေမြို့နယ်

၃။ ဖယ်ခုံမြို့နယ်

### နမ့်စန်ခရိုင်

၁။ နမ့်စန်မြို့နယ်

၂။ ကွန်ဟိန်းမြို့နယ်

၃။ မိုးနဲမြို့နယ်

### မိုင်းရှူးခရိုင်

၁။ မိုင်းရှူးမြို့နယ်

၂။ ကျေးသီးမြို့နယ်

### လားရှိုးခရိုင်

၁။ လားရှိုးမြို့နယ်

၂။ သိန္နီမြို့နယ်

၃။ ကွမ်းလုံမြို့နယ်

### ကျောက်မဲခရိုင်

၁။ ကျောက်မဲမြို့နယ်

၂။ သီပေါမြို့နယ်

၃။ နောင်ချိုမြို့နယ်

၄။ နမ္မတူမြို့နယ်

၅။ နမ့်ဆန်မြို့နယ်

၆။ မန်တုံမြို့နယ်

### တန့်ယန်းခရိုင်

၁။ တန့်ယန်းမြို့နယ်

၂။ မိုင်းရယ်မြို့နယ်

### မိုးမိတ်ခရိုင်

၁။ မိုးမိတ်မြို့နယ်

၂။ မဘိမ်းမြို့နယ်

### မူဆယ်ခရိုင်

၁။ မူဆယ်မြို့နယ်

၂။ နမ့်ခမ်းမြို့နယ်

### ကွတ်ခိုင်ခရိုင်

၁။ ကွတ်ခိုင်မြို့နယ်

| ကျိုင်းတုံခရိုင် | မိုင်းဆတ်ခရိုင် | မိုင်းတုံခရိုင် |
|---|---|---|
| ၁။ ကျိုင်းတုံမြို့နယ် | ၁။ မိုင်းဆကတ်မြို့နယ် | ၁။ မိုင်းတုံမြို့နယ် |
| ၂။ မိုင်းခတ်မြို့နယ် | | |
| ၃။ မိုင်းပျဉ်းမြို့နယ် | | |

| မိုင်းယောင်းခရိုင် | မိုင်းယန်းခရိုင် | တာချီလိတ်ခရိုင် |
|---|---|---|
| ၁။ မိုင်းယောင်းမြို့နယ် | ၁။ မိုင်းယန်းမြို့နယ် | ၁။ တာချီလိတ်မြို့နယ် |
| | | ၂။ မိုင်းဖြတ်မြို့နယ် |

## ၁.၄ ရှမ်းပြည်နယ်တရားလွှတ်တော် ဖွဲ့စည်းပုံ

ရှမ်းပြည်နယ်တရားလွှတ်တော်သည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်တွင် တည်ရှိပြီး အရှေ့ဘက်တွင် ဆောက်လုပ်ရေးဝင်း၊ အနောက်ဘက်တွင် ရုံးကြီးလမ်း၊ တောင်ဘက်တွင် ပြည်နယ်သစ်တော ဦးစီးဌာနနှင့် မြောက်ဘက်တွင် သပြေလမ်းတို့ရှိပါသည်။ အရှေ့ဘက်တွင် (၄၀၀)ပေ၊ အနောက်ဘက်တွင် (၄၁၅)ပေ၊ တောင်ဘက်တွင် (၂၇၂)ပေ၊ မြောက်ဘက်တွင် (၂၂၁)ပေ ရှိပြီး ဧရိယာအားဖြင့် (၂.၂၄၈)ဧက ကျယ်ဝန်းပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၏ တည်နေရာကို **နောက်ဆက်တွဲ (က)** ဖြင့် ဖော်ပြထားပါသည်။

### ၁.၄.၁ ရှမ်းပြည်နယ်တရားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၀၈ (က)(၂) အရ ပြည်နယ်တရားလွှတ်တော်တစ်ခုစီတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် တရားလွှတ်တော် တရားသူကြီး ဦးရေ အနည်းဆုံး (၃)ဦးမှ အများဆုံး (၇)ဦးအထိ ဖွဲ့စည်းနိုင်ပါသည်။

၁.၁.၂၀၂၄ ရက်နေ့မှ ၃၁.၁၂.၂၀၂၄ ရက်နေ့အထိ အစီရင်ခံသည့်ကာလအတွင်း ရှမ်းပြည်နယ်တရားလွှတ်တော်တွင် ပြည်နယ်တရားသူကြီးချုပ်အပါအဝင် ပြည်နယ်တရားလွှတ်တော်

တရားသူကြီး ၄ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်တို့တွင် ဖွဲ့စည်းပုံအရ ရာထူးအဆင့်အလိုက် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၂၉၀ ဦးအထိ ခွင့်ပြုထားပြီး ယခုအစီရင်ခံသည့် ၃၁.၁၂.၂၀၂၄ ရက်နေ့အထိ ၅၀၅ ဦး ခန့်ထားပြီးဖြစ်၍ ၇၈၅ ဦး လစ်လပ်လျက်ရှိပါသည်။

### ၁.၄.၁.၁ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ



ဦးသန်းဦးလွင်
ရှမ်းပြည်နယ်တရားသူကြီးချုပ်
၆. ၁၂. ၂၀၂၂ ရက်နေ့ မှ ယနေ့အထိ



ဒေါ်စန္ဒာအောင်
ပြည်နယ်တရားလွှတ်တော်
တရားသူကြီး
၃.၉.၂၀၂၀ ရက်နေ့ မှ
ယနေ့အထိ



ဦးအောင်သိန်း
ပြည်နယ်တရားလွှတ်တော်
တရားသူကြီး
၃.၉.၂၀၂၀ ရက်နေ့ မှ
ယနေ့အထိ



ဒေါ်နန်းမေယဉ်
ပြည်နယ်တရားလွှတ်တော်
တရားသူကြီး
၆.၁၂.၂၀၂၂ ရက်နေ့ မှ
ယနေ့အထိ

### ၁.၄.၁.၂ ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၀၆ အရ တရားလွှတ်တော်များတွင် မူလမှုစီရင်ပိုင်ခွင့်အာဏာ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာ၊ ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာ၊ ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသောကိစ္စရပ်များကို စီရင်ပိုင်ခွင့်အာဏာ များရှိပါသည်။

တရားလွှတ်တော်များသည် ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မှုလမှုများကို စီရင်ပိုင်ခွင့်ရှိပြီး အမှုတန်ဖိုး ကျပ်သိန်း ၃၀၀၀၀ အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမ မူလမှုများကို စီရင်ပိုင်ခွင့်ရှိပါသည်။

တရားလွှတ်တော်ရှိအမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများက စစ်ဆေးပါသည်။ တရားလွှတ်တော်သည် မိမိစီရင်ပိုင်ခွင့် ရှိသော ပြည်နယ်အတွင်းရှိ လက်အောက်ခံ တရားရုံးအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စများ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ရန် တာဝန် ရှိပါသည်။

### ၁.၄.၂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင် တရားရုံးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် ရှမ်းပြည်နယ်တရားလွှတ်တော်တို့၏ ကြီးကြပ်မှုအောက်တွင်ရှိသည်။

ရှမ်းပြည်နယ်တရားလွှတ်တော် လက်အောက်တွင် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများဖြင့် ဖွဲ့စည်းထားပါသည်။

ခရိုင်တရားရုံးတွင် ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရား သူကြီးတို့ကို ခန့်အပ်ထားပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရား သူကြီး၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရား သူကြီးတို့ ခန့်အပ်ထားပါသည်။

ခရိုင်တရားရုံးတွင် တရားမမှုနှင့် ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး လက်အောက်ခံတရားရုံးများကချမှတ်သောစီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ်အယူခံမှုနှင့်ပြင်ဆင် မှု စီရင်ပိုင်ခွင့်အာဏာများလည်းရှိပါသည်။ ခရိုင်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသောတရားသူကြီးများဖြင့် စစ်ဆေးနိုင်ပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာတရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏ သက်ဆိုင်ရာ စီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၃၁.၁၂.၂၀၂၄ ရက်နေ့အထိ ခရိုင်တရားရုံးများတွင် ခရိုင်တရားသူကြီးများအပါအဝင် ခရိုင်အဆင့် တရားသူကြီး စုစုပေါင်း ( ၂၂ ) ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

### ၁.၄.၂.၁ ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများသည် ဥပဒေအရ ခွင့်ပြုသော မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများ ရှိကြပါသည်။




### ၁.၄.၂.၂ ခရိုင်အဆင့်တရားရုံးရှိ တရားသူကြီးများ၏ တရားမ တရားစီရင်ပိုင်ခွင့်အာဏာများ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများသည် ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့်တရားမမူလမှုများနှင့် မိမိတို့နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက် များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာများ ရှိကြပါသည်။ ဒုတိယကိုယ်ပိုင်အုပ်ချုပ်

ခွင့်ရတိုင်းတရားသူကြီးများ၊ ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများသည် ကျပ်သိန်း ၁၅၀၀၀ ထက်မပိုသည့် တရားမမူလမှုများနှင့် မိမိတို့နယ်နမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်များ ရှိကြပါသည်။

| | | |
|---|---|---|
| ခရိုင်တရားသူကြီး ⇨ | အမှုတန်ဖိုး ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှုများ စီရင်ပိုင်ခွင့် ⇨ | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |
| တွဲဖက်ခရိုင်တရားသူကြီး ⇨ | အမှုတန်ဖိုး ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့် တရားမမူလမှုများ စီရင်ပိုင်ခွင့် ⇨ | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |
| ဒုတိယခရိုင်တရားသူကြီး ⇨ | အမှုတန်ဖိုး ကျပ်သိန်း ၁၅၀၀၀ ထက်မပိုသည့် တရားမမူလမှုများ စီရင်ပိုင်ခွင့် ⇨ | မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |

## ၁.၄.၃ မြို့နယ်တရားရုံးများ

မြို့နယ်တရားရုံးများသည် မူလရုံးဖြစ်သည်။ ၃၁.၁၂.၂၀၂၄ ရက်နေ့အထိ စာရင်းအရ မြို့နယ်တရားရုံး စုစုပေါင်း (၅၀) ရုံးရှိသည်။ မြို့နယ်တရားရုံးတိုင်းတွင် မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့ကို တရားရုံးဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်ထားပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့် ရာဇဝတ်မှု နှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှု စီရင်ပိုင်ခွင့်အာဏာ ရှိပါသည်။ မြို့နယ်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးတည်းဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။

၃၁.၁၂.၂၀၂၄ ရက်နေ့အထိ မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးများအပါအဝင် မြို့နယ်အဆင့် တရားသူကြီး စုစုပေါင်း ( ၅၀ ) ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

### ၁.၄.၃.၁ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ ရာဇဝတ်စီရင်ပိုင်ခွင့်အာဏာ

မြို့နယ်တရားရုံးရှိ မြို့နယ်တရားသူကြီးများနှင့် အထူးအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ထောင်ဒဏ် (၇) နှစ်အထိ နှင့် အကန့်အသတ်မရှိ ငွေဒဏ်ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ ပထမတန်းအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်

တရားသူကြီးများအား ထောင်ဒဏ် (၃)နှစ်အထိ နှင့် ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ ဒုတိယတန်းအာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများအား ထောင်ဒဏ် (၁) နှစ်အထိ နှင့် ငွေဒဏ် ကျပ် ၅၀၀၀၀ အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း၊ တတိယတန်းအာဏာရ ဒုတိယမြို့နယ် တရားသူကြီးများအား ထောင်ဒဏ်(၃)လအထိ နှင့် ငွေဒဏ် ကျပ် ၃၀၀၀၀ အထိ ချမှတ်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း အပ်နှင်းထားပါသည်။

| | | |
|---|---|---|
| မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး (အထူးအာဏာ) | ⇨ | ထောင်ဒဏ်(၇)နှစ်အထိနှင့် ငွေဒဏ်အကန့်အသတ်မရှိ |
| တွဲဖက်/ဒုတိယမြို့နယ်တရားသူကြီး (ပထမတန်းအာဏာ) | ⇨ | ထောင်ဒဏ်(၃)နှစ်အထိနှင့် ငွေဒဏ် ကျပ် ၁၀၀၀၀၀/- အထိ |
| တွဲဖက်/ဒုတိယမြို့နယ်တရားသူကြီး (ဒုတိယတန်းအာဏာ) | ⇨ | ထောင်ဒဏ်(၁)နှစ်အထိနှင့် ငွေဒဏ် ကျပ် ၅၀၀၀၀/- အထိ |
| ဒုတိယမြို့နယ်တရားသူကြီး (တတိယတန်းအာဏာ) | ⇨ | ထောင်ဒဏ်(၃)လအထိနှင့် ငွေဒဏ် ကျပ် ၃၀၀၀၀/- အထိ |

### ၁.၄.၃.၂ မြို့နယ်တရားရုံးရှိ တရားသူကြီးများ၏ တရားမစီရင်ပိုင်ခွင့်အာဏာများ

မြို့နယ်တရားရုံးရှိ မြို့နယ်တရားသူကြီးများနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမှုလမှု (သို့မဟုတ်) မူလမှုခင်းများ စီရင်ရန် စီရင်ပိုင်ခွင့် အာဏာကိုလည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီးများအား ကျပ်သိန်း ၂၀၀ ထက်မပိုသည့် တရားမမှုလမှု (သို့မဟုတ်) မူလမှုခင်းများ စီရင်ရန် စီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း အပ်နှင်း ထားပါသည်။

| | | |
|---|---|---|
| မြို့နယ်/တွဲဖက်မြို့နယ် တရားသူကြီး | ⇨ | အမှုတန်ဖိုး ကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမှုလမှုများ |
| ဒုတိယ မြို့နယ်တရားသူကြီး | ⇨ | အမှုတန်ဖိုး ကျပ်သိန်း ၂၀၀ ထက်မပိုသည့် တရားမမှုလမှုများ |

### ၁.၄.၄ ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများကို ယေဘုယျအားဖြင့် မြို့နယ်အဆင့်တရားရုံးနှင့်တန်းတူ တည်ထောင်ထားပါ သည်။ သို့သော် မှုပိုင်ခွင့်ဆိုင်ရာအငြင်းပွားသည့် မူလမှုစစ်ဆေးစီရင်ပိုင်ခွင့်အာဏာကို ခရိုင်အဆင့် တရားရုံးများသို့ အပ်နှင်းထားပါသည်။ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများတွင်

အောက်ပါတို့ ပါဝင်ပါသည် -

- ကလေးသူငယ်တရားရုံးများ
- စည်ပင်သာယာတရားရုံးများ
- မော်တော်ယာဉ်တရားရုံးများ
- မူပိုင်ခွင့်တရားရုံးများ

### ၁.၄.၄.၁ ကလေးသူငယ်တရားရုံးများ

ရှမ်းပြည်နယ်တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးသူငယ်များ ကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးများ သီးခြားဖွင့်လှစ်ခြင်း မရှိသေးသဖြင့် သက်ဆိုင်ရာမြို့နယ်တရားရုံးများရှိ မြို့နယ်တရားသူကြီးအား ကလေးသူငယ်မှုခင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းဆောင်ရွက်လျက်ရှိပါသည်။

### ၁.၄.၄.၂ မူပိုင်ခွင့်တရားရုံးများ

ရှမ်းပြည်နယ်တွင် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအတွက် သီးခြားတရားရုံးတည်ထောင်ထားခြင်း မရှိသေးသော်လည်း မူပိုင်ခွင့်ဆိုင်ရာဥပဒေအရ ရာဇဝတ်ကြောင်းဆိုင်ရာ အငြင်းပွားမှုများအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရိုင်တရားရုံး အသီးသီးအား စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားပြီး ဖြစ်သည့်အပြင် မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများနှင့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုများကို ကြားနာစစ်ဆေး စီရင်နိုင်ရန် ပြည်နယ်တရားလွှတ်တော်သို့ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားပြီးဖြစ်ပါသည်။

## ၁.၅ တရားရုံးစီမံခန့်ခွဲမှု

ရှမ်းပြည်နယ်တရားလွှတ်တော်သည် ဌာနတွင်းလုပ်ငန်းများကို စီမံဆောင်ရွက်ရန်နှင့် လက်အောက်ခံ တရားရုံးများကို ကြီးကြပ်ကွပ်ကဲရန်၊ ဘဏ္ဍာရေးကိစ္စရပ်များကို စီမံခန့်ခွဲရန် တာဝန်ရှိပါသည်။

### ၁.၅.၁ ရှမ်းပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ

ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းများကို ပြည်နယ်တရားသူကြီးချုပ်ရုံး နှင့် ပြည်နယ်တရားရေးဦးစီးမှူးရုံးတို့က တာဝန်ယူဆောင်ရွက်ပါသည်။




## ၁.၆ ရှမ်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများ

### ၁.၆.၁ ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ပြည်နယ်တရားရေး ဦးစီးမှူးများ



ဒေါ်ခင်အုန်းတင့်
၁၇.၇.၂၀၂၃ ရက်နေ့ မှ
၈.၂.၂၀၂၄ ရက်နေ့အထိ



ဒေါ်စန္ဒာကျော်
၂၀.၂.၂၀၂၄ ရက်နေ့ မှ
ယနေ့အထိ

## ၁.၆.၂ ရှမ်းပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများ

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလအပိုင်းအခြား |
|---|---|---|---|---|
| ၁ | ဦးမောင်မောင်အေး | တ/၂၄၇၅ | ဒုတိယညွှန်ကြားရေးမှူး (စေ့စပ်ဖြေရှင်းရေးအရာရှိ) | ၃၀.၅.၂၀၂၂ မှ ၁၄.၃.၂၀၂၅ ထိ |
| ၂ | ဦးကြည်မင်းစိုး | တ/၂၄၇၆ | ဒုတိယညွှန်ကြားရေးမှူး (စီမံ/ထောက်ပံ့) | ၃၁.၁၀.၂၀၂၄ မှ ၃၀.၄.၂၀၂၅ ထိ |
| ၃ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ဒုတိယညွှန်ကြားရေးမှူး (တရားစီရင်ရေး) | ၉.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၄ | ဦးဆန်းထွန်းဦး | တ/၂၆၇၀ | ဒုတိယညွှန်ကြားရေးမှူး (ရုံးအဖွဲ့မှူး) | ၁၂.၇.၂၀၂၃ မှ ၁၇.၂.၂၀၂၅ ထိ |
| ၅ | ဦးပွင့်ဂျာအောင် | တ/၂၇၆၅ | ဒုတိယညွှန်ကြားရေးမှူး (စီမံ/ထောက်ပံ့) | ၉.၉.၂၀၂၄ မှ ၃၀-၉-၂၀၂၄ ထိ |
| ၆ | ဒေါ်နန်းရွှန်းလဲ့ | တ/၂၉၉၅ | လက်ထောက်ညွှန်ကြားရေးမှူး (စေ့စပ်ဖြေရှင်းရေးအရာရှိ) | ၂၈.၆.၂၀၂၃ မှ ၂၂.၁၁.၂၀၂၄ ထိ |
| ၇ | ဒေါ်ဝေဝေလှိုင် | တ/၂၉၀၇ | လက်ထောက်ညွှန်ကြားရေးမှူး | ၁၄.၁၁.၂၀၂၄ မှ ယနေ့အထိ |
| ၈ | ဒေါ်အေးစန္ဒီအောင် | တ/၃၀၇၄ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၂.၁.၂၀၂၄ မှ ယနေ့အထိ |
| ၉ | ဦးအောင်ဇော်ထူး | တ/၃၁၃၇ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၂.၁၁.၂၀၂၄ မှ ယနေ့အထိ |
| ၁၀ | ဒေါ်ခင်မျိုးကြည် | တ/၃၇၀၂ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၄.၁၁.၂၀၂၂ မှ ယနေ့အထိ |
| ၁၁ | ဒေါ်နန်းအိသန္တာချော | တ/၃၅၃၄ | ဦးစီးအရာရှိ | ၂၆.၁၂.၂၀၂၃ မှ ၁၀.၉.၂၀၂၄ ထိ |
| ၁၂ | ဒေါ်နန်းဝေဝေအောင် | တ/၃၃၈၇ | ဦးစီးအရာရှိ | ၁၄.၁၁.၂၀၂၄ မှ ယနေ့အထိ |
| ၁၃ | ဦးစက်ရှိန်သာ | တ/၃၁၇၃ | ဦးစီးအရာရှိ | ၃၀.၇.၂၀၂၄ မှ ယနေ့အထိ |
| ၁၄ | ဦးဂျေအောင်ဒီး | တ/၃၂၉၄ | ဦးစီးအရာရှိ | ၆.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၁၅ | ဦးမြင့်ဇော်လွင် | တ/၃၉၈၀ | ဦးစီးအရာရှိ | ၁၆.၁၂.၂၀၂၂ မှ ယနေ့အထိ |
| ၁၆ | ဒေါ်မီမီချို | တ/၃၉၈၂ | ဦးစီးအရာရှိ | ၁၆.၁၂.၂၀၂၂ မှ ယနေ့အထိ |
| ၁၇ | ဦးကျော်ထက် | တ/၃၉၂၁ | တိယဦးစီးမှူး | ၁၄.၁၁.၂၀၂၄ မှ ၁.၄.၂၀၂၅ ထိ |

## ၁.၆.၃ ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | ခရိုင်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလအပိုင်းအခြား |
|---|---|---|---|---|---|
| ၁ | "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး | ဦးကျော်ဝေလင်း | တ/၂၇၆၁ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး | ၅.၁.၂၀၂၃ မှ ယနေ့အထိ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး | ဒေါ်သန္တာရှင် | တ/၂၅၃၃ | ကိုယ်ပိုင်အုပ်ချုပ်ရဒေသ တရားသူကြီး | ၈.၄.၂၀၂၂ မှ ၄.၃.၂၀၂၄ ထိ |
| ၃ | ။ | ဦးဇေယျာဦး | တ/၂၉၇၈ | ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး(တာဝန်) | ၄.၃.၂၀၂၄ မှ ၂၃.၅.၂၀၂၄ ထိ |
| ၄ | ။ | ဒေါ်ထားထားဆွေ | တ/၂၆၉၂ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး | ၂၃.၅.၂၀၂၄ မှ ယနေ့အထိ |
| ၅ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး | ဒေါ်အေးမြတ်မွန် | တ/၂၇၁၃ | ဒု-ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး | ၉.၆.၂၀၂၃ မှ ၃၁.၁.၂၀၂၅ ထိ |
| ၆ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး | ဦးဉာဏ်မိုးအောင် | တ/၂၇၄၅ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး | ၅.၁..၂၀၂၃ မှ ၃၁.၁.၂၀၂၄ ထိ |
| ၇ | ။ | ဦးကျော်ဝေလင်း | တ/၂၇၆၁ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီး (ပူးတွဲတာဝန်) | ၃၁.၁.၂၀၂၄ မှ ယနေ့အထိ |
| ၈ | တောင်ကြီးခရိုင်တရားရုံး | ဒေါ်ခင်စိုးညွန့် | တ/၂၅၂၃ | ခရိုင်တရားသူကြီး | ၈.၄.၂၀၂၂ မှ ၁၂.၉.၂၀၂၄ ထိ |
| ၉ | ။ | ဒေါ်ဝေဝေလွင် | တ/၂၅၅၆ | ခရိုင်တရားသူကြီး | ၁၂.၉.၂၀၂၄ မှ ယနေ့အထိ |
| ၁၀ | ကလောခရိုင်တရားရုံး | ဦးထင်ကျော် | တ/၂၆၆၀ | ခရိုင်တရားသူကြီး | ၁၇.၇.၂၀၂၃ မှ ယနေ့အထိ |
| ၁၁ | လွိုင်လင်ခရိုင်တရားရုံး | ဦးလွန်းဘော် | တ/၂၅၀၃ | ခရိုင်တရားသူကြီး | ၂၈.၆.၂၀၂၃ မှ ၁၈.၃.၂၀၂၅ထိ |
| ၁၂ | နမ့်စန်ခရိုင်တရားရုံး | ဦးဇော်မင်း | တ/၂၇၆၃ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၁.၉.၂၀၂၂ မှ ၁၆.၉.၂၀၂၄ ထိ |
| ၁၃ | ။ | ဦးဇင်လင်းသန့် | တ/၂၈၅၇ | ခရိုင်တရားသူကြီး | ၁၆.၉.၂၀၂၄ မှ ၁၈.၃.၂၀၂၅ ထိ |
| ၁၄ | မိုင်းရှူးခရိုင်တရားရုံး | ဦးဇော်ဝင်းနိုင် | တ/၂၇၇၉ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၁.၉.၂၀၂၂ မှ ၁၆.၅.၂၀၂၄ ထိ |
| ၁၅ | ။ | ဦးအောင်ကျော်ဆန်း | တ/၂၇၇၉ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၁၆.၅.၂၀၂၄ မှ ယနေ့အထိ |
| ၁၆ | လင်းခေးခရိုင်တရားရုံး | ဦးအောင်မျိုးထွန်း | တ/၂၇၅၀ | ခရိုင်တရားသူကြီး | ၁၉.၆.၂၀၂၃ မှ ၁၁.၃.၂၀၂၅ထိ |

## ၁.၆.၃ ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | ခရိုင်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလအပိုင်းအခြား |
|---|---|---|---|---|---|
| ၁၇ | လားရှိုးခရိုင်တရားရုံး | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး | ၅.၇.၂၀၂၃ မှ ယနေ့အထိ |
| ၁၈ | တန့်ယန်းခရိုင်တရားရုံး | ဦးဇော်လင်းမောင် | တ/၂၉၀၀ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၁၅.၆.၂၀၂၃ မှ ၁၉.၉.၂၀၂၄ ထိ |
| ၁၉ | ။ | ဦးသိန်းဦး | တ/၃၀၅၇ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၁၉.၉.၂၀၂၄ မှ ၂.၅.၂၀၂၅ ထိ |
| ၂၀ | ကျောက်မဲခရိုင်တရားရုံး | ဒေါ်ထားထားဆွေ | တ/၂၆၉၂ | ခရိုင်တရားသူကြီး | ၁၃.၁၁.၂၀၂၃ မှ ၂၃.၅.၂၀၂၄ ထိ |
| ၂၁ | ။ | ဦးဝွန်ဂျာအောင် | တ/၂၇၆၅ | ခရိုင်တရားသူကြီး | ၂၀.၅.၂၀၂၄ မှ ၉.၉.၂၀၂၄ ထိ |
| ၂၂ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၂၃ | မိုးမိတ်ခရိုင်တရားရုံး | ဦးဝွန်ဂျာအောင် | တ/၂၇၆၅ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၃၁.၅.၂၀၂၂ မှ ၃၁.၁.၂၀၂၄ ထိ |
| ၂၄ | ။ | ဦးဝွန်ဂျာအောင် | တ/၂၇၆၅ | ခရိုင်တရားသူကြီး | ၂၇.၉.၂၀၂၂ မှ ၉.၉.၂၀၂၄ ထိ |
| ၂၅ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၂၆ | မူဆယ်ခရိုင်တရားရုံး | ဦးဇော်ဇော်ထွန်း | တ/၂၆၄၂ | ခရိုင်တရားသူကြီး | ၂၁.၇.၂၀၂၃ မှ ၁.၃.၂၀၂၄ ထိ |
| ၂၇ | ။ | ဦးသန်းထိုက်စိုး | တ/၂၉၀၈ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး (တာဝန်) | ၁၈.၃.၂၀၂၄ မှ ယနေ့အထိ |
| ၂၈ | ကွတ်ခိုင်ခရိုင်တရားရုံး | ဦးမင်းထက် | တ/၂၉၀၈ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၃၁.၈.၂၀၂၂ မှ ၃၁.၁.၂၀၂၄ ထိ |
| ၂၉ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၃၀ | ကျိုင်းတုံခရိုင်တရားရုံး | ဦးရိုန်မြင့် | တ/၂၄၄၇ | ခရိုင်တရားသူကြီး | ၅.၇.၂၀၂၁ မှ ၂၉.၇.၂၀၂၄ ထိ |
| ၃၁ | ။ | ဦးစည်သူဝင်း | တ/၂၇၅၇ | ခရိုင်တရားသူကြီး | ၂၉.၇.၂၀၂၄ မှ ယနေ့အထိ |
| ၃၂ | မိုင်းယန်းခရိုင်တရားရုံး | ဦးအောင်အောင် | တ/၂၉၅၅ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားသူကြီး(တာဝန်) | ၁၅.၆.၂၀၂၃ မှ ၂.၁၀.၂၀၂၄ ထိ |
| ၃၃ | ။ | ဦးထွန်းကျော် | တ/၃၀၀၈ | ခရိုင်တရားသူကြီး (ပူးတွဲတာဝန်) | ၂.၁၀.၂၀၂၄ မှ ယနေ့အထိ |

| စဉ် | ခရိုင်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလ<br>အပိုင်းအခြား |
|---|---|---|---|---|---|
| ၃၄ | မိုင်းဆတ်ခရိုင်တရားရုံး | ဦးသက်ထွန်း | တ/၂၈၀၃ | ခရိုင်တရားသူကြီး | ၆.၄.၂၀၂၁ မှ<br>၁၈.၂.၂၀၂၅ ထိ |
| ၃၅ | မိုင်းတုံခရိုင်တရားရုံး | ဦးအောင်ကိုကို | တ/၃၀၄၀ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားသူကြီး(တာဝန်) | ၁၉.၉.၂၀၂၃ မှ<br>၁၅.၁၀.၂၀၂၄ ထိ |
| ၃၆ | ။ | ဦးထင်လင်းအောင် | တ/၂၈၃၆ | ခရိုင်တရားသူကြီး | ၁၅.၁၀.၂၀၂၄ မှ<br>ယနေ့အထိ |
| ၃၇ | တာချီလိတ်ခရိုင်တရားရုံး | ဦးစံမြင့် | တ/၂၅၇၉ | ခရိုင်တရားသူကြီး | ၁၁.၃.၂၀၂၁ မှ<br>၂၆.၇.၂၀၂၄ ထိ |
| ၃၈ | ။ | ဦးထွန်းနိုင်ထွေး | တ/၂၆၂၉ | ခရိုင်တရားသူကြီး | ၂၆.၇.၂၀၂၄ မှ<br>ယနေ့အထိ |
| ၃၉ | မိုင်းယောင်းခရိုင်တရားရုံး | ဦးညီညီထွန်း | တ/၂၆၂၈ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားသူကြီး(တာဝန်) | ၃.၉.၂၀၂၃ မှ<br>၂၈.၁၀.၂၀၂၄ ထိ |
| ၄၀ | ။ | ဦးစူးစမ်း | တ/၂၆၈၁ | ခရိုင်တရားသူကြီး | ၂၈.၁၀.၂၀၂၄ မှ<br>ယနေ့အထိ |

## ၁.၆.၄ မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | မြို့နယ်တရားရုံးအမည် | အမည် | ကိုယ်ပိုင်<br>အမှတ် | ရာထူး | ကာလ<br>အပိုင်းအခြား |
|---|---|---|---|---|---|
| ၁ | တောင်ကြီးမြို့နယ်တရားရုံး | ဒေါ်သင်းသီရိဝင်း | တ/၃၁၅၀ | မြို့နယ်တရားသူကြီး | ၅.၅.၂၀၂၃ မှ<br>ယနေ့အထိ |
| ၂ | ရပ်စောက်မြို့နယ်တရားရုံး | ဦးညီညီဇော် | တ/၃၃၄၅ | မြို့နယ်တရားသူကြီး | ၁၈.၇.၂၀၂၂ မှ<br>၁၈.၃.၂၀၂၄ ထိ |
| ၃ | ။ | ဒေါ်အေးချယ်ရီနိုင် | တ/၃၁၄၁ | မြို့နယ်တရားသူကြီး | ၁၈.၃.၂၀၂၄ မှ<br>၂၃.၅.၂၀၂၅ ထိ |
| ၄ | ကလောမြို့နယ်တရားရုံး | ဒေါ်အေးလဲ့စန္ဒီမြင့် | တ/၃၂၅၈ | မြို့နယ်တရားသူကြီး | ၈.၂.၂၀၂၁ မှ<br>၁၁.၃.၂၀၂၅ထိ |
| ၅ | ဖယ်ခုံမြို့နယ်တရားရုံး | ဦးခန့်ဇော်နိုင် | တ/၃၈၄၆ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(တာဝန်) | ၃.၄.၂၀၂၃ မှ<br>၃၀.၉.၂၀၂၄ ထိ |
| ၆ | ။ | ဦးထက်ဝေဟိန်း | တ/၃၅၂၁ | မြို့နယ်တရားသူကြီး<br>(ပူးတွဲတာဝန်) | ၃၀.၉.၂၀၂၄ မှ<br>ယနေ့အထိ |
| ၇ | ညောင်ရွှေမြို့နယ်တရားရုံး | ဒေါ်နန်းအေးမြသီရိ | တ/၃၂၇၇ | မြို့နယ်တရားသူကြီး | ၆.၂.၂၀၂၃ မှ<br>၃.၄.၂၀၂၄ ထိ |
| ၈ | ။ | ဦးအောင်ရဲကျော် | တ/၃၃၀၇ | မြို့နယ်တရားသူကြီး | ၃.၄.၂၀၂၄ မှ<br>ယနေ့အထိ |
| ၉ | ဟိုပုံးမြို့နယ်တရားရုံး | ဦးအောင်ရဲကျော် | တ/၃၃၀၇ | မြို့နယ်တရားသူကြီး | ၂၄.၆.၂၀၂၁ မှ<br>၁.၄.၂၀၂၄ ထိ |
| ၁၀ | ။ | ဒေါ်နီလာစိုး | တ/၃၅၉၁ | မြို့နယ်တရားသူကြီး | ၁.၄.၂၀၂၄ မှ<br>ယနေ့အထိ |

| စဉ် | မြို့နယ်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလ အပိုင်းအခြား |
|---|---|---|---|---|---|
| ၁၁ | ဆီဆိုင်မြို့နယ်တရားရုံး | ဦးအောင်ကိုကို | တ/၃၉၃၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၇.၅.၂၀၂၄ မှ ၁၂.၉.၂၀၂၄ ထိ |
| ၁၂ | ။ | ဦးဖွဲ့ကိုကို | တ/၃၃၈၉ | မြို့နယ်တရားသူကြီး | ၁၂.၉.၂၀၂၄ မှ ယနေ့အထိ |
| ၁၃ | ပင်လောင်းမြို့နယ်တရားရုံး | ဦးထက်ဝေဟိန်း | တ/၃၅၂၁ | မြို့နယ်တရားသူကြီး | ၁၄.၃.၂၀၂၃ မှ ယနေ့အထိ |
| ၁၄ | ပင်းတယမြို့နယ်တရားရုံး | ဒေါ်စိုးပွင့်ဖြူ | တ/၃၄၇၄ | မြို့နယ်တရားသူကြီး | ၆.၂.၂၀၂၀ မှ ၁၁.၃.၂၀၂၅ ထိ |
| ၁၅ | ရွာငံမြို့နယ်တရားရုံး | ဒေါ်ဖြိုးကေသီလှိုင် | တ/၃၄၇၄ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး(တာဝန်) မြို့နယ်တရားသူကြီး | ၂၆.၈.၂၀၂၀ မှ ၄.၆.၂၀၂၄ ထိ |
| ၁၆ | ။ | ဦးရဲလင်းအောင် | တ/၃၀၆၈ | မြို့နယ်တရားသူကြီး | ၄.၆.၂၀၂၄ မှ ယနေ့အထိ |
| ၁၇ | လွိုင်လင်မြို့နယ်တရားရုံး | ဒေါ်မေသဥ္ဇာသင်း | တ/၃၅၂၆ | မြို့နယ်တရားသူကြီး | ၇.၇.၂၀၂၂ မှ ၁၁.၃.၂၀၂၅ ထိ |
| ၁၈ | လဲချားမြို့နယ်တရားရုံး | ဦးဘုန်းမြတ်ငြိမ်း | တ/၃၇၅၈ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၄.၃.၂၀၂၃ မှ ၁၂.၃.၂၀၂၄ ထိ |
| ၁၉ | ။ | ဦးနေထွန်းနိုင် | တ/၃၈၇၇ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၃.၂၀၂၄ မှ ၇.၄.၂၀၂၅ ထိ |
| ၂၀ | မိုင်းကိုင်မြို့နယ်တရားရုံး | ဦးသီဟဇော် | တ/၃၈၃၆ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၁.၄.၂၀၂၃ မှ ၈.၃.၂၀၂၄ ထိ |
| ၂၁ | ။ | ဦးအောင်ဗညားထိုက် | တ/၃၉၁၃ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၈.၃.၂၀၂၄ မှ ၇.၄.၂၀၂၅ ထိ |
| ၂၂ | နမ့်စန်မြို့နယ်တရားရုံး | ဦးစိုးမင်းထွန်း | တ/၃၇၈၈ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၈.၃.၂၀၂၃ မှ ၆.၃.၂၀၂၄ ထိ |
| ၂၃ | ။ | ဦးသက်ထူးဇော် | တ/၃၉၃၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၆.၃.၂၀၂၄ မှ ၆.၆.၂၀၂၄ ထိ |
| ၂၄ | ။ | ဒေါ်ဖြိုးကေသီလှိုင် | တ/၃၅၇၂ | မြို့နယ်တရားသူကြီး | ၆.၆.၂၀၂၄ မှ ယနေ့အထိ |
| ၂၅ | ကွန်ဟိန်းမြို့နယ်တရားရုံး | ဦးရဲမင်းထက် | တ/၃၈၅၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၈.၃.၂၀၂၃ မှ ၁၃.၃.၂၀၂၄ ထိ |
| ၂၆ | ။ | ဦးကျော်သက်ဟန် | တ/၃၈၉၂ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၃.၃.၂၀၂၄ မှ ယနေ့အထိ |
| ၂၇ | မိုးနဲမြို့နယ်တရားရုံး | ဦးသီဟထွန်းဇံ | တ/၃၈၄၁ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၀.၄.၂၀၂၃ မှ ၁၃.၃.၂၀၂၄ ထိ |

| စဉ် | မြို့နယ်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလ အပိုင်းအခြား |
|---|---|---|---|---|---|
| ၂၈ | မိုးနဲမြို့နယ်တရားရုံး | ဦးလမင်းကိုကို | တ/၃၈၉၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၃.၃.၂၀၂၄ မှ ယနေ့အထိ |
| ၂၉ | မိုင်းရှူးမြို့နယ်တရားရုံး | ဦးဇာနည်အောင် | တ/၃၈၅၁ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၁.၄.၂၀၂၃ မှ ၁.၃.၂၀၂၄ ထိ |
| ၃၀ | ။ | ဒေါ်နန်းခမ်းဦး | တ/၃၈၄၄ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၉.၂.၂၀၂၄ မှ ၇.၁၀.၂၀၂၄ ထိ |
| ၃၁ | ။ | ဦးခန့်ဇော်နိုင် | တ/၃၈၄၆ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၇.၁၀.၂၀၂၄ မှ ယနေ့အထိ |
| ၃၂ | ကျေးသီးမြို့နယ်တရားရုံး | ဦးဒိုးဇော် | တ/၃၈၃၈ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၁.၄.၂၀၂၃ မှ ၁၁.၆.၂၀၂၄ ထိ |
| ၃၃ | ။ | ဦးသက်ထူးဇော် | တ/၃၉၃၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၆.၂၀၂၄ မှ ၇.၄.၂၀၂၅ထိ |
| ၃၄ | လင်းခေးမြို့နယ်တရားရုံး | ဦးသန်းထွန်းအောင် | တ/၃၈၆၇ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၃၁.၃.၂၀၂၃ မှ ၁.၁.၂၀၂၄ ထိ |
| ၃၅ | ။ | ဦးအောင်နေလင်း | တ/၃၆၉၃ | မြို့နယ်တရားသူကြီး | ၂၃.၅.၂၀၂၄ မှ ၂.၉.၂၀၂၄ ထိ |
| ၃၆ | ။ | ဦးသန်းထွဋ်ညွန့် | တ/၃၉၀၈ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၀.၁၁.၂၀၂၄ မှ ၇.၄.၂၀၂၅ထိ |
| ၃၇ | မောက်မယ်မြို့နယ် တရားရုံး | ဦးဆုထူးအောင် | တ/၃၈၃၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၈.၆.၂၀၂၃ မှ ၁၂.၃.၂၀၂၄ ထိ |
| ၃၈ | ။ | ဦးခန့်စည်သူဟိန်း | တ/၃၉၂၃ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၃.၂၀၂၄ မှ ယနေ့အထိ |
| ၃၉ | မိုင်းပန်မြို့နယ်တရားရုံး | ဦးမင်းခန့် | တ/၃၈၂၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၉.၆.၂၀၂၃ မှ ၁၁.၃.၂၀၂၄ ထိ |
| ၄၀ | ။ | ဦးပြည့်သျှန်တင့် | တ/၃၉၃၁ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၃.၂၀၂၄ မှ ယနေ့အထိ |
| ၄၁ | လားရှိုးမြို့နယ်တရားရုံး | ဦးပြည့်ဖြိုးဆွေ | တ/၃၀၅၉ | မြို့နယ်တရားသူကြီး | ၃.၈.၂၀၂၂ မှ ၁၂.၇.၂၀၂၄ ထိ |
| ၄၂ | ။ | ဦးဂျေအောင်ဒီး | တ/၃၂၉၄ | မြို့နယ်တရားသူကြီး | ၁၂.၇.၂၀၂၄ မှ ယနေ့အထိ |
| ၄၃ | သိန္နီမြို့နယ်တရားရုံး | ဒေါ်နန်းအိသန္တာချော | တ/၃၅၃၄ | မြို့နယ်တရားသူကြီး | ၂၈.၅.၂၀၂၁ မှ ၁၀.၉.၂၀၂၄ ထိ |

| စဉ် | မြို့နယ်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလ အပိုင်းအခြား |
|---|---|---|---|---|---|
| ၄၄ | သိန္နီမြို့နယ်တရားရုံး | ဦးဂျေအောင်ဒီး | တ/၃၂၉၄ | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ယနေ့အထိ |
| ၄၅ | ကွမ်းလုံမြို့နယ်တရားရုံး | ဦးအောင်မြင့်မြတ် | တ/၃၈၀၁ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၉.၆.၂၀၂၃ မှ ၁၉.၁.၂၀၂၄ ထိ |
| ၄၆ | ။ | ဒေါ်နန်းအိသန္တာချော | တ/၃၅၃၄ | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၉.၁.၂၀၂၄ မှ ၁၀.၉.၂၀၂၄ ထိ |
| ၄၇ | ။ | ဦးဂျေအောင်ဒီး | တ/၃၂၉၄ | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ယနေ့အထိ |
| ၄၈ | တန့်ယန်းမြို့နယ်တရားရုံး | ဦးအောင်မင်းသူ | တ/၃၈၅၂ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၀.၄.၂၀၂၃ မှ ၆.၃.၂၀၂၄ ထိ |
| ၄၉ | ။ | ဦးကျော်ထက် | တ/၃၉၂၁ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၆.၃.၂၀၂၄ မှ ၁၄.၁၁.၂၀၂၄ ထိ |
| ၅၀ | ။ | ဦးသိန်းဦး | တ/၃၀၅၇ | ခရိုင်တရားသူကြီး(တာဝန်) မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၂၀.၁၁.၂၀၂၄ မှ ၇.၄.၂၀၂၅ထိ |
| ၅၁ | မိုင်းရယ်မြို့နယ်တရားရုံး | ဦးစိုးမိုးနိုင် | တ/၃၈၁၈ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၆.၂၀၂၃ မှ ၁၅.၃.၂၀၂၄ ထိ |
| ၅၂ | ။ | ဦးအောင်ကိုကို | တ/၃၉၃၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၅.၃.၂၀၂၄ မှ ၂၀.၅.၂၀၂၄ ထိ |
| ၅၃ | ။ | ဦးပြေကျော်ထွန်း | တ/၃၇၃၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၀.၅.၂၀၂၄ မှ ၇.၄.၂၀၂၅ထိ |
| ၅၄ | ဟိုပန်မြို့နယ်တရားရုံး | ဦးမင်းထက်မောင် | တ/၃၈၄၅ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၄.၄.၂၀၂၃ မှ ၆.၃.၂၀၂၄ ထိ |
| ၅၅ | ။ | ဦးကျော်ဝေလင်း | တ/၂၇၆၁ | တွဲဖက်ခရိုင်တရားသူကြီး မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၆.၃.၂၀၂၄ မှ ယနေ့အထိ |
| ၅၆ | မက်မန်းမြို့နယ်တရားရုံး | ဦးကျော်ထွဋ် | တ/၃၈၁၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၆.၂၀၂၃ မှ ၇.၃.၂၀၂၄ ထိ |
| ၅၇ | ။ | ဦးပိုင်မြတ်သူ | တ/၃၉၂၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၁.၉.၂၀၂၄ မှ ယနေ့အထိ |
| ၅၈ | ကျောက်မဲမြို့နယ်တရားရုံး | ဦးခွဲကိုကို | တ/၃၃၈၉ | မြို့နယ်တရားသူကြီး | ၂၄.၆.၂၀၂၂ မှ ၁၀.၉.၂၀၂၄ထိ |
| ၅၉ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |

| စဉ် | မြို့နယ်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလ အပိုင်းအခြား |
|---|---|---|---|---|---|
| ၆၀ | သီပေါမြို့နယ်တရားရုံး | ဦးထွဏ်းလှိုင်ဝင်း | တ/၃၄၆၆ | မြို့နယ်တရားသူကြီး | ၂၆.၇.၂၀၂၂ မှ ၃၁.၇.၂၀၂၄ ထိ |
| ၆၁ | ။ | ဦးစက်ရှိန်သာ | တ/၃၁၇၃ | မြို့နယ်တရားသူကြီး | ၃၁.၇.၂၀၂၄ မှ ယနေ့အထိ |
| ၆၂ | နမ့်ဆန်မြို့နယ်တရားရုံး | ဦးသန်းနိုင်လင်း | တ/၃၇၁၅ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၃.၆.၂၀၂၂ မှ ၁၅.၁.၂၀၂၄ထိ |
| ၆၃ | ။ | ဦးဒွဲကိုကို | တ/၃၃၈၉ | မြို့နယ်တရားသူကြီး | ၁၅.၁.၂၀၂၄ မှ ၁၀.၉.၂၀၂၄ ထိ |
| ၆၄ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၆၅ | နောင်ချိုမြို့နယ်တရားရုံး | ဦးစက်ရှိန်သာ | တ/၃၁၇၃ | မြို့နယ်တရားသူကြီး | ၄.၂.၂၀၂၂ မှ ယနေ့အထိ |
| ၆၆ | နမ္မတူမြို့နယ်တရားရုံး | ဦးအောင်မြင့်စိုး | တ/၃၈၄၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၈.၄.၂၀၂၃ မှ ၁၅.၁.၂၀၂၄ ထိ |
| ၆၇ | ။ | ဦးဒွဲကိုကို | တ/၃၃၈၉ | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၅.၁.၂၀၂၄ မှ ၁၀.၉.၂၀၂၄ထိ |
| ၆၈ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၆၉ | မန်တုံမြို့နယ်တရားရုံး | ဦးအေးချမ်းအောင် | တ/၃၇၄၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၃.၆.၂၀၂၃ မှ ၆.၃.၂၀၂၄ ထိ |
| ၇၀ | ။ | ဦးဟိန်းစိုး | တ/၃၉၄၉ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၆.၃.၂၀၂၄ မှ ၃၁.၇.၂၀၂၄ ထိ |
| ၇၁ | ။ | ဦးဂျေအောင်ဒီး | တ/၃၂၉၄ | မြို့နယ်တရားသူကြီး (ပူးတွဲတာဝန်) | ၁၁.၉.၂၀၂၄ မှ ယနေ့အထိ |
| ၇၂ | မိုးမိတ်မြို့နယ်တရားရုံး | ဦးအုံမော် | တ/၃၈၃၁ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၀.၄.၂၀၂၃ မှ ၅.၃.၂၀၂၄ ထိ |
| ၇၃ | ။ | ဦးလင်းကိုကိုဟိန်း | တ/၃၉၁၆ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၅.၃.၂၀၂၄ မှ ၁၂.၉.၂၀၂၄ ထိ |
| ၇၄ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | မြို့နယ်တရားသူကြီး(ပူးတွဲ) | ၁၀.၉.၂၀၂၄ မှ ၉.၅.၂၀၂၅ ထိ |
| ၇၅ | မဘိမ်းမြို့နယ်တရားရုံး | ဦးပိုင်ဇေရဲသွေး | တ/၃၈၁၇ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၂၈.၄.၂၀၂၃ မှ ၁၇.၅.၂၀၂၄ ထိ |

| စဉ် | မြို့နယ်တရားရုံးအမည် | အမည် | ကိုယ်ပိုင်<br>အမှတ် | ရာထူး | ကာလ<br>အပိုင်းအခြား |
|---|---|---|---|---|---|
| ၇၆ | မဘိမ်းမြို့နယ်တရားရုံး | ဦးလင်းကိုကိုဟိန်း | တ/၃၉၁၆ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(တာဝန်) | ၁၇.၅.၂၀၂၄ မှ<br>၁၂.၉.၂၀၂၄ ထိ |
| ၇၇ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(ပူးတွဲတာဝန်) | ၁၂.၉.၂၀၂၄ မှ<br>၉.၅.၂၀၂၅ ထိ |
| ၇၈ | မူဆယ်မြို့နယ်တရားရုံး | ဦးအောင်သူရ | တ/၃၀၇၃ | မြို့နယ်တရားသူကြီး | ၄.၁၁.၂၀၂၂ မှ<br>၁.၁.၂၀၂၄ ထိ |
| ၇၉ | ။ | ဦးပြည့်ဖြိုးအောင် | တ/၃၂၇၈ | မြို့နယ်တရားသူကြီး | ၁၉.၃.၂၀၂၄ မှ<br>ယနေ့အထိ |
| ၈၀ | နမ့်ခမ်းမြို့နယ်တရားရုံး | ဦးစိုင်းရဲသူ(ခ)<br>ဦးရဲသူ | တ/၃၂၃၅ | မြို့နယ်တရားသူကြီး | ၁၁.၉.၂၀၂၀ မှ<br>၁၆.၁.၂၀၂၄ထိ |
| ၈၁ | ။ | ဦးပြည့်ဖြိုးအောင် | တ/၃၂၇၈ | မြို့နယ်တရားသူကြီး<br>(ပူးတွဲတာဝန်) | ၁၉.၃.၂၀၂၄ မှ<br>ယနေ့အထိ |
| ၈၂ | ကွတ်ခိုင်မြို့နယ်တရားရုံး | ဦးသိန်းဇော်ထက် | တ/၃၈၄၇ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(တာဝန်) | ၂၀.၄.၂၀၂၃ မှ<br>၄.၃.၂၀၂၄ ထိ |
| ၈၃ | ။ | ဦးမင်းထက် | တ/၂၉၁၂ | ခရိုင်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(ပူးတွဲတာဝန်) | ၄.၃.၂၀၂၄ မှ<br>၁၀.၉.၂၀၂၄ ထိ |
| ၈၄ | ။ | ဦးကျော်ကျော်မိုး | တ/၂၅၅၈ | ခရိုင်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(ပူးတွဲတာဝန်) | ၁၀.၉.၂၀၂၄ မှ<br>၉.၅.၂၀၂၅ ထိ |
| ၈၅ | လောက်ကိုင်မြို့နယ်တရားရုံး | ဦးစိုင်းအောင်<br>ကျော်စိုး | တ/၃၇၇၀ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(တာဝန်) | ၈.၂.၂၀၂၃ မှ<br>၇.၃.၂၀၂၄ ထိ |
| ၈၆ | ။ | ဦးကျော်ဝေလင်း | တ/၂၇၆၁ | တွဲဖက်ခရိုင်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(ပူးတွဲတာဝန်) | ၇.၃.၂၀၂၄ မှ<br>ယနေ့အထိ |
| ၈၇ | ကုန်းကြမ်းမြို့နယ်တရားရုံး | ဦးစိုင်းအောင်<br>ကျော်စိုး | တ/၃၇၇၀ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(တာဝန်) | ၈.၂.၂၀၂၃ မှ<br>၇.၃.၂၀၂၄ ထိ |
| ၈၈ | ။ | ဦးကျော်ဝေလင်း | တ/၂၇၆၁ | တွဲဖက်ခရိုင်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(ပူးတွဲတာဝန်) | ၇.၃.၂၀၂၄ မှ<br>ယနေ့အထိ |
| ၈၉ | ကျိုင်းတုံမြို့နယ်တရားရုံး | ဦးကြည်ယု | တ/၃၀၆၇ | မြို့နယ်တရားသူကြီး | ၂၇.၂.၂၀၂၀ မှ<br>၂၇.၂.၂၀၂၄ ထိ |
| ၉၀ | ။ | ဦးမဟာဗလ | တ/၃၃၃၄ | မြို့နယ်တရားသူကြီး | ၂၇.၂.၂၀၂၄ မှ<br>ယနေ့အထိ |
| ၉၁ | မိုင်းခတ်မြို့နယ်တရားရုံး | ဦးဖွံ့ဖြိုးကျော် | တ/၃၈၅၇ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(တာဝန်) | ၁၈.၄.၂၀၂၃ မှ<br>၁၅.၃.၂၀၂၄ ထိ |
| ၉၂ | ။ | ဦးခန့်စည်သူ | တ/၃၉၁၅ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားသူကြီး<br>(တာဝန်) | ၁၅.၃.၂၀၂၄ မှ<br>၉.၄.၂၀၂၅ ထိ |

| စဉ် | မြို့နယ်တရားရုံးအမည် | အမည် | ကိုယ်ပိုင်အမှတ် | ရာထူး | ကာလ အပိုင်းအခြား |
|---|---|---|---|---|---|
| ၉၃ | မိုင်းပျဉ်းမြို့နယ်တရားရုံး | ဦးအောင်မျိုးသူ | တ/၃၈၁၂ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၆.၂၀၂၃ မှ ၁၄.၃.၂၀၂၄ ထိ |
| ၉၄ | ။ | ဦးအောင်မင်းထွန်း | တ/၃၉၃၂ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၄.၃.၂၀၂၄ မှ ယနေ့အထိ |
| ၉၅ | မိုင်းယန်းမြို့နယ်တရားရုံး | ဦးသားကြီးမောင် | တ/၃၈၀၂ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၃.၆.၂၀၂၃ မှ ၁၅.၃.၂၀၂၄ ထိ |
| ၉၆ | ။ | ဦးသီဟငြိမ်း | တ/၃၉၃၃ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၅.၃.၂၀၂၄ မှ ၂၂.၄.၂၀၂၅ ထိ |
| ၉၇ | မိုင်းဆတ်မြို့နယ်တရားရုံး | ဒေါ်မေဆုမွန်ကျော် | တ/၃၃၉၂ | မြို့နယ်တရားသူကြီး | ၂၃.၈.၂၀၂၃ မှ ၂၂.၁.၂၀၂၅ ထိ |
| ၉၈ | မိုင်းတုံမြို့နယ်တရားရုံး | ဦးဖြိုးမင်းထက် | တ/၃၈၂၅ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၉.၆.၂၀၂၃ မှ ၁၁.၃.၂၀၂၄ ထိ |
| ၉၉ | ။ | ဦးသန်းနိုင်ထွန်း | တ/၃၉၂၇ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၁.၃.၂၀၂၄ မှ ၇.၄.၂၀၂၅ ထိ |
| ၁၀၀ | တာချီလိတ်မြို့နယ်တရားရုံး | ဦးဥက္ကာလင်း | တ/၃၂၃၀ | မြို့နယ်တရားသူကြီး | ၁၇.၁၀.၂၀၂၃ မှ ယနေ့အထိ |
| ၁၀၁ | မိုင်းဖြတ်မြို့နယ်တရားရုံး | ဦးနိုင်အောင်ဝင်း | တ/၃၈၁၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၆.၂၀၂၃ မှ ၁၂.၃.၂၀၂၄ ထိ |
| ၁၀၂ | ။ | ဦးဝင်းမင်းဇော် | တ/၃၉၃၆ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၂.၃.၂၀၂၄ မှ ၃.၄.၂၀၂၅ ထိ |
| ၁၀၃ | မိုင်းယောင်းမြို့နယ်တရားရုံး | ဦးခိုင်လင်းကျော် | တ/၃၈၄၃ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၆.၄.၂၀၂၃ မှ ၁၃.၃.၂၀၂၄ ထိ |
| ၁၀၄ | ။ | ဦးနေရဲလင်း | တ/၃၉၀၃ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားသူကြီး (တာဝန်) | ၁၃.၃.၂၀၂၄ မှ ၂၉.၃.၂၀၂၅ ထိ |

## ၁.၇ ရသုံးမှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ရှမ်းပြည်နယ်တရားလွှတ်တော်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွဲဝေပေးသည့်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံး စရိတ်၊ သာမန်ရငွေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲကုန်ကျငွေ အမှန်စာရင်းကို အောက်ပါ အတိုင်း တင်ပြအပ်ပါသည် -

**၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ်**

**ကျပ်သန်းပေါင်း**

| စဉ် | ငွေစာရင်းခေါင်းစဉ် | ဘဏ္ဍာရေးနှစ် | ခွင့်ပြုရန်ပုံငွေ | သုံးစွဲပြီးငွေ | လက်ကျန်ငွေ |
|---|---|---|---|---|---|
| ၁ | သာမန်အသုံးစရိတ် | ၂၀၂၄ - ၂၀၂၅ | ၁၈၉၂.၇၉၄ | ၁၅၉၄.၃၉၅ | ၂၉၈.၃၉၉ |

**၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် သာမန်ရငွေ**

**ကျပ်သန်းပေါင်း**

| စဉ် | ငွေစာရင်းခေါင်းစဉ် | ဘဏ္ဍာရေးနှစ် | ကောက်ယူရန် လျာထားငွေ | အမှန်ရငွေ | (+) ပိုငွေ/ (-) လိုငွေ |
|---|---|---|---|---|---|
| ၁ | သာမန်ရငွေ | ၂၀၂၄ - ၂၀၂၅ | ၃၉၃.၈၉၇ | ၄၉၅.၅၈၇ | (+) ၁၀၁.၆၉ |

# အပိုင်း (၂)

# ၂၀၂၄ ခုနှစ်အတွင်း ရှမ်းပြည်နယ်တရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်မှုများ

# အပိုင်း (၂)

## ၂၀၂၄ ခုနှစ်အတွင်း ရှမ်းပြည်နယ်တရားလွှတ်တော်၏ ကြိုးပမ်းဆောင်ရွက်မှုများ

### ၂.၁ ပြည်နယ် / မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ မဟာဗျူဟာရည်မှန်းချက် ၁.၁၊ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် တည်ထောင်ရန်အတွက် ရှမ်းပြည်နယ်တရားလွှတ်တော်မှ ပြည်နယ်ရုံး၊ တောင်ကြီး၊ ရပ်စောက်၊ ကလော၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း၊ ပင်းတယ၊ ရွာငံ၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲ၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မိုးမိတ်၊ မဘိမ်း၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံမြို့နယ်များတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

### ၂.၂ သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ ကြေညာပြီးနောက်ပိုင်း တရားရုံးအသီးသီးသို့ စွဲဆိုတင်ပို့လာသည့် မှုခင်းများနှင့်စပ်လျဉ်း၍ လုံခြုံရေးအခြေအနေအရ ရုံးရှေ့သို့တင်ပို့ရန် အခက်အခဲရှိသော အချုပ်တရားခံပါ ရာဇဝတ်မှုများအတွက် တရားစီရင်ရေး အဆင်ပြေချောမွေ့စေရန် လည်းကောင်း၊ အမှုများကြန့်ကြာမှု မရှိစေရန် လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးသန့်တရားရုံးများဖွဲ့စည်း၍ စစ်ဆေးစီရင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးများမှ သီးသန့်တရားရုံးများကို ညောင်ရွှေအကျဉ်းထောင်၊ လားရှိုးအကျဉ်းထောင်၊ ကျိုင်းတုံအကျဉ်းထောင်အနီးတွင် စစ်ဆေးရန် အမှုစစ်ဆေးခွင့်အာဏာများ အပ်နှင်းဆောင်ရွက်ထားရှိပါသည်။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ - က အရ စွဲဆိုမှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ စွဲဆိုသည့်မှုခင်းများ၊ တရားခံအား ရုံးထုတ်ရန် ခက်ခဲမှုရှိသည့်မှုခင်းကိစ္စများအား ရုံးထိုင်စစ်ဆေးဆောင်ရွက်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ရှမ်းပြည်နယ်တရားလွှတ်တော်မှ သီးသန့်ရုံးထိုင် အမှုလက်ကျန် မရှိပါ။ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ လက်ကျန်(၁) မှု၊ စွဲဆို (၁)မှု စစ်ဆေးပြီးပြတ် (၂) မှုဖြစ်၍ လက်ကျန်မရှိပါ။ မြို့နယ်တရားရုံးများမှာ လက်ကျန် (၁၂)မှု၊ စွဲဆို (၃၂)မှု၊ စစ်ဆေးပြီးပြတ်(၄၂) မှုဖြစ်၍ လက်ကျန်(၂) မှု ဖြစ်ပါသည်။ **နောက်ဆက်တွဲ (ခ)** ဖြင့် ဖော်ပြပါသည်။

### ၂.၃ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆောင်ရွက်ခြင်း

#### ၂.၃.၁ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၂၃ -

၂၀၂၇ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းမဟာဗျူဟာစီမံကိန်းအရ တရားမမှုခင်းများနှင့်စပ်လျဉ်း၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁) ရက်နေ့မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ တရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ရှမ်းပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့ထိ (၁)နှစ်တာကာလအတွင်း လွှဲအပ်မှုပေါင်း (၁၆၁) မှုရှိခဲ့ပြီး ယခင်နှစ်က မပြီးပြတ်သည့် အမှု (၂) မှုရှိရာ စုစုပေါင်း(၁၆၃) မှုဖြစ်၍ စေ့စပ်ညှိနှိုင်းပြီးပြတ်မှု (၆၉)မှု၊ ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ပြန်လည်ပေးပို့ရသည့် အမှုအရေအတွက် (၈၉) မှုဖြစ်ပြီး လက်ကျန် (၅)မှု ရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် လွှဲအပ်သည့်အမှုပေါင်း၏ (၆၉) မှု ပြီးပြတ်အောင်မြင်ခဲ့ပြီး စေ့စပ်ဖြေရှင်းသည့်အမှု၏ ၃၁.၈၈ % ပြီးပြတ်အောင်မြင်ခဲ့ပါသည်။ စေ့စပ်ဖြေရှင်းရေး အောင်မြင်သည့်အမှု (၂၂) မှုရှိပြီး ၎င်းတို့မှာ ငွေကြေးဆိုင်ရာအမှု (၁၇) မှု၊ မိသားစုဆိုင်ရာအမှု (၃) မှု ၊ အခြား (၂)မှု တို့ဖြစ်ပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်တွင် အောက်ဖော်ပြပါ တရားရေးအရာရှိများအား စေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းရေးအရာရှိများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည် -

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ၁။ | ဦးမောင်မောင်အေး<br>(တ/၂၄၇၅) | ဒုတိယညွှန်ကြားရေးမှူး | စေ့စပ်ဖြေရှင်းရေးအရာရှိ<br>၃၀.၅.၂၀၂၂ မှ ၁၅.၃.၂၀၂၅ ထိ |
| ၂။ | ဒေါ်နန်းရွှန်းလဲ့<br>(တ/၂၉၉၅) | လက်ထောက်ညွှန်ကြားရေးမှူး | စေ့စပ်ဖြေရှင်းရေးအရာရှိ<br>၂၈.၆.၂၀၂၃ မှ ၂၂.၁၁.၂၀၂၄ ထိ |

## ၂.၃.၂ အထူးကိစ္စရပ်အနေဖြင့် ဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ပေးပို့ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၈-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၆/၁၅၉/ပတခ(၁၆၈၂/၂၀၂၄) ဖြင့် စစ်ဆေးဆဲဘဏ်အပေါင်မှုများအား စေ့စပ်ဖြေရှင်းလိုကြောင်း ပဏာမဒီကရီ မချမှတ်မီ သက်ဆိုင်ရာတရားရုံးသို့ နှစ်ဖက်တင်ပြလျှောက်ထားလာပါက အထူးကိစ္စရပ်အနေဖြင့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ပေးနိုင်ရန် စေ့စပ်ဖြေရှင်းရေးဌာနသို့ အမှုများကို လွှဲအပ်ပေးပို့ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။ ယင်းသို့ ညွှန်ကြားခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ရှမ်းပြည်နယ်တရားလွှတ်တော်ရှိ စေ့စပ်ဖြေရှင်းရေးဌာနမှ ဘဏ်အပေါင်မှု (၁) မှုအား အောင်မြင်အောင် စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ အခြားဘဏ်မှ စွဲဆိုမှု ဖြစ်ပါသည်။

### ၂.၃.၃ လေ့ကျင့်သင်တန်းရေးရာကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးကိစ္စရပ်များဌာနမှ ကျင်းပပြုလုပ်သည့် ၂/၂၀၂၄ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင်လည်းကောင်း၊ ၃/၂၀၂၄ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်လည်းကောင်းဖြင့် ဖွင့်လှစ်သင်ကြားခဲ့ပြီး ရှမ်းပြည်နယ်အတွင်းရှိ တရားရေးအရာရှိ (၉၃) ဦး တက်ရောက်ခဲ့ပါသည်။

### ၂.၃.၄ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီး အမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ဆောင်ရွက်ချက်များ

၁.၁.၂၀၂၄ ရက်နေ့မှ ၃၁.၁၂.၂၀၂၄ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်အတွင်း စေ့စပ်ဖြေရှင်းရေး အောင်မြင်သည့်အမှုပေါင်း (၂၂)မှု ရှိပြီး (၂၂)မှုကို တရားရုံးအသီးသီးက အမိန့်ချမှတ်ပြီး ဖြစ်ပါသည်။

စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့် (၂၂) မှုတွင် ခရိုင်အဆင့်တရားရုံးများမှ (၁၁) မှုနှင့် မြို့နယ်အဆင့် တရားရုံးများမှ (၁၁) မှုတို့ ပါဝင်ပါသည်။

### ၂.၃.၅ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအစဉ်များဖြစ်သည့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအား အများပြည်သူ လက်လှမ်းမီမှုရှိစေရေး၊ ယင်းစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး လိုအပ်သည့်သင်တန်းများ ထိထိရောက်ရောက်ပို့ချရေးနှင့် ဆွေးနွေးပွဲများ အခါအားလျော်စွာ ကျင်းပရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၂.၄ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကျင်းပခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားသူကြီးများနှင့်တရားရေးအရာရှိများအတွက် မူပိုင်ခွင့်ဥပဒေများဆိုင်ရာ အတွေ့အကြုံ ဗဟုသုတများ မျှဝေနိုင်ရန် ရည်ရွယ်၍ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၁၇-၈-၂၀၂၄ ရက်နေ့ နံနက် ၀၉၀၀ နာရီတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ရှမ်းပြည်နယ်တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြပါသည်။

## ၂.၅ လူ့စွမ်းအားအရင်းအမြစ်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် တရားရုံး

အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော တရားရေးအရာရှိများ၊ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ ( ဂ )** ဖြင့် ဖော်ပြထားပါသည်။

### ၂.၅.၁ လေ့ကျင့်သင်ကြားမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများ

#### ၂.၅.၁.၁ တရားရေးအရာရှိများအား လေ့ကျင့်သင်ကြားပေးခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် ဖွင့်လှစ်သည့် တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် ၁/၂၀၂၄ သို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး ဒေါ်သန္တာရှင် (တ/၂၅၅၃)နှင့် မူဆယ်ခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးဇော်ဇော်ထွန်း (တ/၂၆၄၂) တို့သည် ၁.၁.၂၀၂၄ ရက်နေ့မှ ၂၉.၂.၂၀၂၄ ရက်နေ့အထိလည်းကောင်း၊ တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် ၂/၂၀၂၄ သို့ တောင်ကြီးခရိုင်တရားရုံးမှ တွဲဖက်ခရိုင်တရားသူကြီး ဒေါ်ဝေဝေလွင် (တ/၂၅၅၆) သည် ၁၃.၅.၂၀၂၄ ရက်နေ့မှ ၁၂.၇.၂၀၂၄ ရက်နေ့အထိလည်းကောင်း သင်တန်းတက်ရောက်ခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၆၉) သို့ တောင်ကြီးမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး ဦးဆွတ်ရိန် (တ/၃၅၉၆) သည် ၁၂.၈.၂၀၂၄ ရက်နေ့မှ ၆.၁၁.၂၀၂၄ ရက်နေ့ထိ တက်ရောက်ခဲ့ပါသည်။

#### ၂.၅.၁.၂ အခြားအဆင့်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၀၈)သို့ ပြည်နယ်တရားရေးဦးစီးမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်ကေသရီကျော်ဝင်းအား ၁၃.၅.၂၀၂၄ ရက်နေ့မှ ၁၈.၇.၂၀၂၄ ရက်နေ့အထိလည်းကောင်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၀၉)သို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးမှ အငယ်တန်းစာရေး ဦးသန်းဝင်းထွန်းနှင့် ရပ်စောက်မြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဦးဇင်ကိုကိုဦးတို့အား ၂၉.၇.၂၀၂၄ ရက်နေ့မှ ၉.၁၀.၂၀၂၄ ရက်နေ့အထိ လည်းကောင်း၊ စာရေးဝန်ထမ်းအမှတ်စဉ် (၁၁၀)သို့ မိုးနဲမြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဦးအောင်ကျော်နှင့် နမ့်စန်မြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဒေါ်ငြိမ်းစံသူ တို့အား ၂.၉.၂၀၂၄ ရက်နေ့မှ ၁၃.၁၁.၂၀၂၄ ရက်နေ့အထိလည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၁၁) သို့ တောင်ကြီးမြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဦးချမ်းမြေ့အောင်နှင့် မိုးမိတ်ခရိုင်တရားရုံးမှ အငယ်တန်းစာရေး ဦးကျော်ဇင်လတ်တို့အား ၂၈.၁၀.၂၀၁၄ ရက်နေ့မှ ၈.၁.၂၀၂၅ ရက်နေ့အထိလည်းကောင်း တက်ရောက်စေခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ် (၂၅) သို့ လားရှိုးခရိုင်တရားရုံးမှ ဌာနခွဲစာရေး ဦးသိန်းကိုအား ၁၄.၁၀.၂၀၂၄ ရက်နေ့မှ ၂၆.၁၂.၂၀၂၄ ရက်နေ့အထိ တက်ရောက်စေခဲ့ပါသည်။

### ၂.၅.၂ တရားရုံးဝန်ထမ်းများအား လေ့ကျင့်ရေးစီမံချက်အရ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

ရှမ်းပြည်နယ်တရားလွှတ်တော်တွင် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း

အမှတ်စဉ် ၁/၂၀၂၄ ကို ၇.၁၂.၂၀၂၄ ရက်နေ့မှ ၈.၁၂.၂၀၂၄ ရက်နေ့ထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား (၂၀) ဦး တက်ရောက်ခဲ့ပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးတို့တွင် ဝန်ထမ်းများ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်။

**တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း ၁/၂၀၂၄ ဖွင့်လှစ်ပို့ချခဲ့မှု မှတ်တမ်းဓာတ်ပုံများ**












### ၂.၅.၃ အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း

### ၂.၅.၃.၁ မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ပို့ချခြင်း

( ၉-၁၁-၂၀၂၄ ) ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်းရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများအား မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှု ရှိစေရန်အတွက် Video Conferencing စနစ်ဖြင့် မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် ( ၁/ ၂၀၂၄ )ကို ဖွင့်လှစ်ပို့ချခဲ့ရာ တရားသူကြီးများနှင့် တရားရေးအရာရှိ စုစုပေါင်း (၈၉) ဦး တက်ရောက်ခဲ့ပါသည်။





### ၂.၅.၃.၂ အခြားဌာနမှ ဖွင့်လှစ်သည့် သင်တန်းတက်ရောက်မှုအခြေအနေ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဇဟိုဌာန တောင်ကြီးမြို့တွင် ဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်း အမှတ်စဉ် ၁/၂၀၂၄ သို့ ပြည်နယ်တရားရေးဦးစီးမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်ဇင်မီမီအောင်နှင့် ဒေါ်ခိုင်ဇင်ဦး တို့မှ ၂၇.၅.၂၀၂၄ ရက်နေ့မှ ၃၁.၅.၂၀၂၄ ရက်နေ့ထိ တက်ရောက်ခဲ့ပါသည်။

ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ဖွင့်လှစ်ပို့ချသည့် “e-Government အထောက်အကူပြုသင်တန်း” သို့ ရှမ်းပြည်နယ်တရားလွှတ်တော်မှ ဌာနခွဲစာရေး ဒေါ်ရီစီထွန်းနိုင်သည် ၁.၁၁. ၂၀၂၄ ရက်နေ့မှ ၁၄.၁၁.၂၀၂၄ ရက်နေ့အထိ တက်ရောက်ခဲ့ပါသည်။

### ၂.၅.၄ ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားစေခြင်း

၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များ၌ မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၂)ဦး၊ အွန်လိုင်း မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၁) ဦး တက်ရောက်စေလျက် ရှိပါသည်။

### ၂.၆ တရားရုံးများ အဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေး အဆင်ပြေစေရန် ဆောင်ရွက်ခြင်း

ပြည်နယ်တရားလွှတ်တော်သည် လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျှက်ရှိသကဲ့သို့ တရားရုံးအဆောက်အဦများ အဆင့်မြှင့်တင် ဆောက်လုပ်ခြင်းကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျှက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး ၁၉၄၇၄ ပေ RCC(၂)ထပ် အဆောက်အဦဆောက်လုပ်ပြီးစီးခဲ့ပါသည်။

(၅.၇.၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်အတွင်းရှိ နယ်မြေများတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် တိမ်းရှောင်လာသည့် အရာထမ်း (၅) ဦးနှင့် အမှုထမ်း (၁၁) ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်(၁၀၀၀၀၀ိ/-)စီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။






(၃၁.၅.၂၀၂၄) ရက်နေ့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ရှမ်းပြည်နယ်တရားလွှတ်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ၏ သားသမီး (၄၂) ဦးအား ပညာသင်စရိတ်အဖြစ် ငွေကျပ် (၁၆၃၄၀၀၀ိ/-)ကို ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။





ရေဘေးသင့်ခဲ့သော တောင်ကြီးခရိုင်၊ ကလောခရိုင် နှင့် ကလောမြို့နယ် တရားရုံးတို့မှ ဒုတိယဦးစီးမှူး (၁) ဦးနှင့် အမှုထမ်း (၆) ဦးတို့အား ထောက်ပံ့ငွေကျပ် (၂၁၀၀၀၀၀ိ/-)နှင့် ကလောမြို့နယ်တရားရုံးအဆောက်အဦ ပြင်ဆင်ရန်အတွက် ထောက်ပံ့ငွေကျပ်(၁၄၀၀၀၀၀ိ/-)၊ စုစုပေါင်းငွေကျပ် (၃၅၀၀၀၀၀ိ/-) ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို (၂၀.၉.၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၁၂.၃.၂၀၂၄)ရက်နေ့တွင် ရှမ်းပြည်နယ်တရားလွှတ်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း (၁၃) ဦး၊ အမှုထမ်း (၃၇)ဦး တို့အား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။







## ၂.၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း

ရှမ်းပြည်နယ်တရားလွှတ်တော်မှ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေးဦးစီးမှူးတို့သည် Virtual Online ဖြင့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ်မှ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် အရေးကြီးမှုခင်းများ၊ ကြန့်ကြာသောမှုခင်းများ၊ စစ်ဆေးပြီးပြတ်မှု အခြေအနေတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို (၁၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၃၁.၈.၂၀၂၄ ရက်နေ့ နံနက်(၀၉:၀၀)နာရီတွင် ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၇)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်ချက်များ အပေါ် ရှမ်းပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ၊ တရားသူကြီးများအား Zoom application အသုံးပြု၍ Online Virtual Meeting စနစ်ဖြင့် ထပ်ဆင့်ရှင်းလင်းခဲ့ပါသည်။





## ၂.၈ တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း

### ၂.၈.၁ ဝန်ထမ်းရေးရာကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂၅.၃.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ်-၃၀၈/၂၀၂၄ အရ လင်းခေးမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး(တာဝန်) ဦးသန်းထွန်းအောင်(တ/၃၈၆၇) အား ၁.၁.၂၀၂၄ ရက်နေ့မှစ၍ လည်းကောင်း၊ ၂.၅.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် - ၃၈၄/၂၀၂၄ အရ ဆီဆိုင်မြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး (တာဝန်) ဦးမျိုးကျော်ထွန်း (တ/၃၇၆၇) အား ၂.၂.၂၀၂၄ ရက်နေ့မှစ၍လည်းကောင်း၊ ၁၀.၉.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် - ၇၃၈/၂၀၂၄ အရ လင်းခေးမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး ဦးအောင်နေလင်း(တ/၃၆၉၃) အား ၂.၉.၂၀၂၄ ရက်နေ့မှစ၍လည်းကောင်း၊ ၃၀.၉.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် - ၇၇၆/၂၀၂၄ အရ ရှမ်းပြည်နယ် တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝွန်ဂျာအောင် (တ/၂၇၆၅) အား ၃၀.၉.၂၀၂၄ ရက်နေ့ မှစ၍လည်းကောင်း၊ ရာထူးမှထုတ်ပယ်သည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ် ( Removal ) ချမှတ်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂.၅.၂၀၂၄ ရက်စွဲပါအမိန့်အမှတ် ၁၆၃/၂၀၂၄ အရ မိုင်းယန်းခရိုင်တရားရုံးမှ ဆင့်စာလုလင် ဦးမိုးဆန်းဦးအား ၁.၂.၂၀၂၄ ရက်နေ့မှစ၍ လည်း ကောင်း၊ ၄.၇.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၂၄၅/၂၀၂၄ ဖြင့် ရှမ်းပြည်နယ်တရားရေးဦးစီးမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်သက်ငုံဖူးအား ၂၂.၄.၂၀၂၄ ရက်နေ့မှ စ၍လည်းကောင်း၊ ၃၀.၁၀.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၃၇၆/၂၀၂၄ ဖြင့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးမှ အငယ်တန်း စာရေး ဒေါ်ယဉ်မင်းအောင်အား ၂၃.၅.၂၀၂၄ ရက်နေ့မှစ၍လည်းကောင်း၊ ၃၀.၁၀.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၃၇၇/၂၀၂၄ ဖြင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးမှ အငယ်တန်းစာရေး ဒေါ်ယဉ်မင်းအောင်အား ၂၂.၇.၂၀၂၄ ရက်နေ့မှစ၍လည်းကောင်း ရာထူးမှထုတ်ပစ်သည့် ဝန်ထမ်း စည်းကမ်းဆိုင်ရာ ပြစ်ဒဏ်( Dismiss ) ချမှတ်ခဲ့ပါသည်။

ထို့ပြင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်းတို့ အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်တရားရုံး အဆင့်ဆင့် တရားရေးအရာရှိ/ တရား သူကြီး (၄)ဦး၊ ရုံးဝန်ထမ်း (၄) ဦး၊ စုစုပေါင်း (၈) ဦးတို့အား ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ် ချမှတ်ခဲ့မှု အခြေအနေကို **နောက်ဆက်တွဲ ( ဃ )** ဖြင့် ဖော်ပြထားပါသည်။

### ၂.၈.၂ ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်း နှင့် ကြီးကြပ်ကွပ်ကဲအရေးယူခြင်း

ရှမ်းပြည်နယ်တရားလွှတ်တော်သည် ရှေ့နေအဖြစ် စာရင်းတင်သွင်း လိုက်ပါဆောင်ရွက် ခွင့်ပြုထားသူများအား ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ/မရှိ ကိုလည်းကောင်း၊ တည်ဆဲဥပဒေအရပ်ရပ်ကို လေးစားလိုက်နာခြင်း ရှိ/မရှိ ကိုလည်းကောင်း အစဉ် တစိုက် ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း တရားလွှတ်တော်

ရှေ့နေ(၂၀၄) ဦးနှင့် အထက်တန်းရှေ့နေ(၅၃၅) ဦး၊ စုစုပေါင်း (၇၃၉) ဦး အမှုလိုက်ပါ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ၁၃.၉.၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၇၄၅/၂၀၂၄ အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇွန်ပွင့်ဝေဝေ(လိုင်စင်အမှတ်-၁၇၁၀၅) နှင့် အထက်တန်းရှေ့နေ ဦးဝင်းမင်းယု(လိုင်စင်အမှတ်-၅၁၇၇၆) တို့အပေါ် တိုင်ကြားစာနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးအစီရင်ခံ တင်ပြထားပြီး ဖြစ်ပါသည်။

အထက်တန်းရှေ့နေ ဦးစစ်ငြိမ်းထွန်း(စဉ်-၄၄၇၉၂)အပေါ် လွိုင်လင်မြို့နယ်တရားရုံးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေတို့ဖြင့် အရေးယူ အပြစ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ အစီရင်ခံတင်ပြထားပြီးဖြစ်ပါသည်။

### ၂.၈.၃ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ ရရှိရေး ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ပုဒ်မ ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် အစီရင်ခံသည့်ကာလအတွင်း ရှမ်းပြည်နယ်တရားသူကြီးချုပ်သည် အကျဉ်းထောင် ( ၄ ) ခု၊ အချုပ်ထောင် (၁) ခု၊ ရဲဘက်စခန်း (၇) ခု နှင့် ရဲတပ်ဖွဲ့အချုပ်စခန်း (၃) ခုတို့အား သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့် အချုပ်သားများအတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။






## ၂.၈.၄ ရုံးခွန်နှင့် ဒဏ်ငွေကောက်ခံခြင်း

ရှမ်းပြည်နယ်တရားလွှတ်တော်သည် ရငွေများဖြစ်သော ရုံးခွန်နှင့် ဒဏ်ငွေများကို အလေအလွင့်မရှိအောင် ကောက်ခံ၍ နိုင်ငံတော်ဘဏ္ဍာသို့ နှစ်စဉ်ပေးသွင်းလျက်ရှိပါသည်။

### ၂.၈.၄.၁ ရုံးခွန်

ရှမ်းပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှ လည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများမှ လည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**၂၀၂၄ ခုနှစ်အတွင်း ကောက်ခံရရှိသည့် ရုံးခွန်အခြေပြဇယား**

| တရားရုံးများ | ရုံးခွန်ရရှိငွေ |
|---|---|
| **ရှမ်းပြည်နယ်တရားလွှတ်တော်** | ၅၂၃၂၃၀၉၉ |
| **ခရိုင်တရားရုံးများ** | ၈၀၆၂၀၇၀၆.၇၅ |
| **မြို့နယ်တရားရုံးများ** | ၃၇၈၀၂၇၁၇.၇၀ |
| **စုစုပေါင်း** | ၁၇၀၇၄၆၅၂၃.၄၅ |

### ၂.၈.၄.၂ ဒဏ်ငွေ

ရှမ်းပြည်နယ်တရားလွှတ်တော်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို ရှမ်းပြည်နယ်တရားလွှတ်တော်၏ ရငွေများအဖြစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်က တပ်ရိုက်သည့်ဒဏ်ငွေနှင့် ကောက်ခံရရှိသည့်ဒဏ်ငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| တရားရုံးများ | တပ်ရိုက်သည့် ဒဏ်ငွေ | ကောက်ခံရ ဒဏ်ငွေ | ယခင်ကာလ အပါအဝင် ကြွေးကျန် |
|---|---|---|---|
| **ရှမ်းပြည်နယ်တရားလွှတ်တော်** | ၅၀၀၀၀ | ၅၀၀၀၀ | - |
| **ခရိုင်တရားရုံးများ** | ၃၂၀၀၀၀၀ | ၃၂၀၀၀၀၀ | - |
| **မြို့နယ်တရားရုံးများ** | ၃၅၆၇၆၀၆၀၀ | ၃၅၆၇၆၀၆၀၀ | - |
| **စုစုပေါင်း** | ၃၆၀,၀၁၀,၆၀၀ | ၃၆၀,၀၁၀,၆၀၀ | - |

## ၂.၉ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း

ရှမ်းပြည်နယ်တရားလွှတ်တော်အပါအဝင် တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အား ပြည်တွင်းပြည်ပမှ အများပြည်သူသိရှိနိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ [illegible] ပိုမိုမြင့်မားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် တရားရုံးနှစ်စဉ်အစီရင်ခံစာအား ထုတ်ဝေလျက်ရှိပါသည်။ ရှမ်းပြည်နယ်တရားလွှတ်တော်၏ တရားရုံးနှစ်စဉ်အစီရင်ခံစာ (၂၀၂၃ ခုနှစ်) ကို ၁.၄.၂၀၂၄ ရက်နေ့တွင် ထုတ်ဝေခဲ့ပါသည်။



# အပိုင်း (၃)

# တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

# အပိုင်း (၃)

## တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများ

### ၃.၁ မှုခင်းများ စစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ တရားရုံး၏ဆောင်ရွက်ချက်များအား အများသိရှိနိုင်ရန်နှင့် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက်များ ပြည့်မီနိုင်ရေး အတွက် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်မှု အတိုင်းအတာများကို နှစ်စဉ်ထုတ်ပြန်လျက် ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများ စစ်ဆေးစီရင်မှု အခြေအနေကို တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ပါ အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ ဖြစ်သည့် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း၊ စစ်ဆေးဆဲ အမှုများ၏ သက်တမ်း၊ အမှုရုံးချိန်းသေချာမှု၊ တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှုစသည့် အချက်များဖြင့် တိုင်းတာပါသည်။

### ၃.၁.၁ ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တရားရုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ် များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် “တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း(၂၀၁၈-၂၀၂၂)”ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး မဟာဗျူဟာ စီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းချက်ချမှတ်ကာ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program - NCMP) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး (၁) ရုံး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသတရားရုံး (၃) ရုံး၊ ခရိုင်တရားရုံး (၁၈) ရုံး၊ မြို့နယ်တရားရုံး (၄၈) ရုံး၊ စုစုပေါင်း (၇၀) ရုံး တို့တွင် အကောင်အထည်ဖော်ပြီးဖြစ်ပါသည်။

ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် အဆိုပါတရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများကို စနစ်တကျပြင်ဆင်ထားရှိပြီး ဝန်ထမ်းများ အလှည့်ကျတာဝန်ယူ ဆောင်ရွက်ရန်နှင့် တရားရုံးများ၏ အဝင်အထွက်မှတ်တမ်းနှင့် သတင်းအချက်အလက်ကောင်တာတွင် မေးမြန်းမှုများကို စနစ်တကျ မှတ်တမ်းထားရှိရန် စီစဉ် ဆောင်ရွက်ထားရှိပါသည်။

## ၃.၂ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာ စွမ်းရည်ကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။ အမှုပြီးပြတ်နှုန်းကို တွက်ချက်ရာတွင် ပြက္ခဒိန်နှစ်အတွင်း စွဲဆိုတင်ပို့လာသော အမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက် အချိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်သည် ယခင်နှစ်လက်ကျန်အမှုများနှင့် ယခုနှစ်အတွင်း စွဲဆိုတင်ပို့သောအမှုများမှ စစ်ဆေးဆုံးဖြတ်ခဲ့သည့် စုစုပေါင်း အမှုအရေအတွက် ဖြစ်ပါသည်။

### ၃.၂.၁ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

၂၀၂၄ ခုနှစ်တွင် ရှမ်းပြည်နယ်တရားလွှတ်တော်သို့ စွဲဆိုတင်ပို့သည့် ရာဇဝတ်အမှုပေါင်း ၃၅၆ မှုဖြစ်ပြီး၊ ၃၇၀ မှု စစ်ဆေးပြီးပြတ်သဖြင့် စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်း ၁၀၃.၉၃ % ဖြစ်ပါသည်။ တရားမမှုများတွင် အမှုပေါင်း ၄၀၄ မှု လက်ခံရရှိပြီး ယင်းအမှုများထဲမှ ၃၉၅ မှု စစ်ဆေးပြီးပြတ်သဖြင့် စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်း ၉၇.၇၇ % ဖြစ်ပါသည်။

**ဇယား (၁) ရှမ်းပြည်နယ်တရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃-၂၀၂၄)**

| | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၄၄၈ | ၃၉၅ | ၈၄၃ | ၃၅၆ | ၄၀၄ | ၇၆၀ |
| ပြီးပြတ်မှု | ၄၀၂ | ၃၁၉ | ၇၂၁ | ၃၇၀ | ၃၉၅ | ၇၆၅ |
| အမှုပြီးပြတ်နှုန်း | ၈၉.၇% | ၈၀.၈% | ၈၅.၅% | ၁၀၃.၉၃% | ၉၇.၇၇% | ၁၀၀.၆၅ |

### ၃.၂.၂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

၂၀၂၄ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများသို့ တရားစွဲဆိုတင်ပို့သော ရာဇဝတ်အမှုပေါင်း ၁၉၇၂ မှု လက်ခံရရှိပြီး ၂၀၄၉ မှု စစ်ဆေးပြီးပြတ်သဖြင့် စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်း ၁၀၃.၉ % ဖြစ်ပါသည်။ တရားမမှုများတွင် အမှုပေါင်း ၅၈၅ မှု လက်ခံရရှိပြီး ၇၈၂ မှု စစ်ဆေးပြီးပြတ်သဖြင့် စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်း ၁၃၃.၆ % ဖြစ်ပါသည်။

ဇယား (၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃ - ၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၂၆၃၅ | ၉၂၆ | ၃၅၆၁ | ၁၉၇၂ | ၅၈၅ | ၂၅၅၇ |
| ပြီးပြတ်မှု | ၂၆၅၀ | ၈၀၇ | ၃၄၅၇ | ၂၀၄၉ | ၇၈၂ | ၂၈၃၁ |
| အမှုပြီးပြတ်နှုန်း | ၁၀၀.၅ % | ၈၇.၁ % | ၉၇ % | ၁၀၃.၉ % | ၁၃၃.၆ % | ၁၁၀.၇% |

## ၃.၂.၃ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

၂၀၂၄ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများသို့ စွဲဆိုတင်ပို့သော ရာဇဝတ်အမှုပေါင်း ၁၁၈၆၅ မှ လက်ခံရရှိပြီး ၁၂၀၁၃ မှု စစ်ဆေးပြီးပြတ်သဖြင့် စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်း ၁၀၁.၂ % ဖြစ်ပါသည်။ တရားမမှုများတွင် အမှုပေါင်း ၅၂၇ မှု လက်ခံရရှိပြီး ၅၂၃ မှု စစ်ဆေးပြီးပြတ်သဖြင့် စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်း ၉၉.၂% ဖြစ်ပါသည်။

ဇယား (၃) မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း (၂၀၂၃ - ၂၀၂၄)

| | ၂၀၂၃ ခုနှစ် | | | ၂၀၂၄ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၁၁၂၀၉ | ၅၂၅ | ၁၁၇၃၄ | ၁၁၈၆၅ | ၅၂၇ | ၁၂၃၉၂ |
| ပြီးပြတ်မှု | ၁၁၂၁၄ | ၆၉၉ | ၁၁၉၁၃ | ၁၂၀၁၃ | ၅၂၃ | ၁၂၅၃၆ |
| အမှုပြီးပြတ်နှုန်း | ၁၀၀% | ၁၃၃.၁% | ၁၀၁.၅% | ၁၀၁.၂% | ၉၉.၂% | ၁၀၁.၁% |

## ၃.၃ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အချိန်နှင့်တပြေးညီ စစ်ဆေးစီရင်နိုင်မှု စွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးက ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်း ဖြစ်ပါသည်။ ၁၂ လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် ၃၆ လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၂ နှစ်တာ ကာလအတွက် ဆုံးဖြတ်သည့် အမှုများ၏ သက်တမ်းကို ရာဇဝတ်၊ တရားမ မှုခင်းများအလိုက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

### ၃.၃.၁ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီးအမှုများ သက်တမ်း

ရှမ်းပြည်နယ်တရားလွှတ်တော်သည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းကို **ဇယား ( ၄ )**၊ တရားမမှုများ၏ သက်တမ်းကို **ဇယား ( ၅ )** တို့ဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၂ နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား (၄) ရှမ်းပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ သက်တမ်း**
**(၂၀၂၃ - ၂၀၂၄)**

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၁၉၈ | ၄၉% | ၁၇၃ | ၄၇% |
| ၃ - ၆ လ | ၁၃၇ | ၃၄% | ၁၃၄ | ၃၆% |
| ၆ - ၁၂ လ | ၆၃ | ၁၆% | ၅၆ | ၁၅% |
| ၁၂ လအထက် | ၄ | ၁% | ၇ | ၂% |
| စုစုပေါင်း | ၄၀၂ | ၁၀၀% | ၃၇၀ | ၁၀၀% |

**ဇယား (၅) ရှမ်းပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်း**
**(၂၀၂၃ - ၂၀၂၄)**

| အမှုများ၏ သက်တမ်း | ၂၀၂၃ ခုနှစ် | | ၂၀၂၄ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၁၂၀ | ၃၅% | ၁၅၁ | ၃၈% |
| ၃ - ၆ လ | ၁၃၀ | ၃၈% | ၁၆၁ | ၄၁% |
| ၆ - ၁၂ လ | ၈၂ | ၂၄% | ၇၅ | ၁၉% |
| ၁၂ - ၃၆ လ | ၇ | ၂% | ၈ | ၂% |
| ၃၆ လအထက် | - | - | - | - |
| စုစုပေါင်း | ၃၃၉ | ၁၀၀% | ၃၉၅ | ၁၀၀% |

## ၃.၃.၂ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ သက်တမ်း

ခရိုင်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းကို **ဇယား ( ၆ )**၊ တရားမမှုများ၏ သက်တမ်းကို **ဇယား ( ၇ )** တို့ဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၂ နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

